ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၄၃) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၈ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၄၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၄.၈၈) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၄၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ**
**ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးထွန်းလွင်၊ ကချင်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောအေးမြိုင်၊ ကရင်(၈)၊ ရဟန်းခံရှင်ပြု။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးမြင့်၊ မကွေး(၆)၊ PR ကြားနာ အစည်းအဝေး။ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်း(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးသန့်ဇော်ထွန်း၊ တပ်မတော်၊ ကျန်းမာရေး။ ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ အစည်းအဝေးတက်။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို**
**မှတ်တမ်းတင်ခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄၃)

ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၅၄)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည် ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေကြမ်းကို ၆-၂-၂၀၁၅ ရက်နေ့တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ဒုတိယ စာရင်းစစ်ချုပ်က အဆိုတင်သွင်းပြီး ၁၀-၃-၂၀၁၅ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ် ရေးထိုးပြီး ၁၀-၄-၂၀၁၅ ရက် (သောကြာနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ နယ်စပ်ရေးရာဝန်ကြီးဌာန နှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော လုပ်ငန်းများအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ် များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော လုပ်ငန်းများအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် (၇)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၀၉။**

**ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များ ခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ပလက်ဝမြို့နယ်မှ ဦးဆလိုင်းခွဲယန် ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီရဲ့ နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့ရဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းများအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာနဲ့ စပ်လျဉ်းပြီးတော့ အချို့အချက်တွေအပေါ် သုံးသပ်ဆွေးနွေးတင်ပြမှာ ဖြစ် ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အချိန်ကို ငဲ့ညှာသောအားဖြင့် ဖတ်ကြားတင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါ တယ်။ အစီရင်ခံစာပါ စာမျက်နှာ (၁၇)၊ (၁၈)ပါ ပြီးစီးခြင်းမရှိသေးသော လုပ်ငန်းများနှင့် ငွေထုတ်ပေးရန် ကျန်ရှိမှုများခေါင်းစဉ်မှာ ဖော်ပြထားချက်တွေဟာ အမှန်တကယ်မြေပြင်မှာ ဖြစ်ပျက်နေတဲ့ ပကတိ အခြေ အနေဟုတ်/မဟုတ်ဆိုတာကို ဝေဖန်ထောက်ပြလိုပါတယ်။ လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်ရန် တိုက်တွန်း ခဲ့သော်လည်း ၂၀၁၅ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့အထိ ချင်းပြည်နယ် လမ်း၊ တံတားကဏ္ဍမှာ (၁၀၈. ၅၂၅၀)ကျပ်သန်း ကျန်ရှိနေကြောင်း ဖော်ပြထားပါတယ်။ ရက်လွန်ကြေးကိုလည်း တင်ဒါစည်းကမ်းနဲ့ အညီ ကောက်ခံမှုအားနည်းကြောင်း ကော်မတီကလည်း အစီရင်ခံစာမှာ တင်ပြ ထားပါတယ်။ ဒါတွေဟာ လုပ်ငန်းဆောင်ရွက်သူနဲ့ လုပ်ငန်းကြီးကြပ်သူ အဖွဲ့(၂)ခုလုံးရဲ့ တာဝန်ယူမှု၊ တာဝန်ခံမှု အားနည်းတယ် ဆိုတာကို သိသာထင်ရှားစွာ တွေ့မြင်နိုင်ပါတယ်။

ကျွန်တော်အနေနဲ့ အဓိကဆွေးနွေးမှာကတော့ အစီရင်ခံစာရဲ့ နောက်ဆက်တွဲ ခ-၁၄ မှာ ဖော်ပြထားတဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ချင်းဒေသအတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေနှင့် ဆောင်ရွက်တဲ့ လုပ်ငန်း လက်ကျန်များရဲ့ ဆက်လက်ဆောင်ရွက်ပြီးစီးမှု အခြေအနေပဲ ဖြစ်ပါတယ်။ ချင်း ဒေသမှာ ဆောင်ရွက်တဲ့ လုပ်ငန်း(၁၆၇)ခုထဲက လုပ်ငန်းလက်ကျန် (၄)ခုရှိကြောင်း ဖော်ပြထားပါတယ်။ လုပ်ငန်းလက်ကျန် (၄)ခုအနက်မှ လက်ရှိအချိန်မှာတော့ (၁)ခုသာ ပြီးစီးရန် ကျန်ပြီးတော့ ကျန်ရှိတဲ့ (၁)ခု

ကလည်း (၉၀)ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ဖော်ပြထားပါတယ်။ ပြီးစီးပြီလို့ ဖော်ပြထားတဲ့ လုပ်ငန်း (၃)ခုအနက် ပလက်ဝမြို့နယ်၊ ပလက်ဝနဲ့ တူကင်းဝအကြား ပလက်ချောင်းဘေလီတံတား (၂၀၀x၁၀)ပေ ဆောက်လုပ်ခြင်းဟာ ယခင်က(၉၀)ရာခိုင်နှုန်းပြီးစီးပြီး၊ ယခုအခါမှာ (၁၀၀)ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သက်ဆိုင်ရာဌာနရဲ့ တင်ပြချက်ကို နောက်ဆက်တွဲ ခ-၁၄ အဖြစ် ပူးတွဲဖော်ပြချက်ဟာ အမှန်တကယ် မြေပြင်မှာ ဖြစ်ပျက်နေတဲ့ ပကတိအခြေအနေနဲ့ ကွဲလွဲနေတာကိုတော့ တကယ်ပဲစိတ်မကောင်း ဖြစ်မိပါ တယ်။ တကယ်အံ့သြဖို့လည်းကောင်းပါတယ်။ ဘာကြောင့်များပါလဲ။ ပလက်ချောင်း ဘေလီတံတား အတွက် ခွင့်ပြုငွေဟာ ကျပ်သန်းပေါင်း(၂၀၀)ဖြစ်ပါတယ်။ BMEC ကုမ္ပဏီလီမိတက်က တာဝန်ယူ ဆောင်ရွက်နေတာ ဖြစ်ပါတယ်လို့ သိရပါတယ်။ (၁၀၀)ရာခိုင်နှုန်းပြီးစီးပြီဆိုထားတဲ့ အခြေအနေကို ကျွန်တော်အနေနဲ့ Power Point ဓာတ်ပုံနဲ့ တင်ပြသွားမှာဖြစ်ပါတယ်။ ခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။

ဒီ ဓာတ်ပုံတွေကို ပြီးခဲ့တဲ့ စနေနေ့၊ ဧပြီလ ၄ ရက်နေ့မှာ ရိုက်ကူးစေပြီးတော့ On Line ကနေ ကျွန်တော်ဆီ အမြန်ဆုံးပေးပို့စေတာ ဖြစ်ပါတယ်။ (၁၀၀)ရာခိုင်နှုန်း ပြီးစီးခြင်း ဟုတ်/မဟုတ်ဆိုတာကို တော့ ဓာတ်ပုံ ကိုမြင်ရရင် ကိုယ်စားလှယ်တော်များ သုံးသပ်နိုင်မှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။

ဒါကတော့ ပလက်ချောင်းဘေလီတံတား တည်ရှိတဲ့ နေရာဖြစ်ပါတယ်။ အနောက်ဘက်ကမ်း က ကုလားတန်မြစ်ဝ၊ ပလက်ဝမြို့ အရှေ့ဘက်ကမ်း (၃)ဖာလုံ အကွာလောက်မှာ တည်ဆောက်ထားတာ ဖြစ်ပါတယ်။ ဒါကျတော့ ဒီ တံတားဟာ အမှန်အားဖြင့်တော့ ဒီ နေရာဆောက်ဖို့ အဆိုပြုထားတာ မဟုတ်ပါ ဘူး။ ပလက်ဝမြို့နဲ့ မိုင်ပေါင်း(၃၀)လောက် ဝေးတဲ့နေရာမှာ၊ သို့သော် ကျွန်တော်တို့က ဒီနေရာသည် ပလက်ဝ-မတူပီကားလမ်းနဲ့ ချိတ်ဆက်နိုင်မယ့် အနေအထားရှိနေသော ဒီနေရာမှာ ပြောင်းရွှေ့ဖို့ အဆိုပြု တဲ့အတွက် ဒီနေရာမှာ ဆောက်လုပ်စေတာ ဖြစ်ပါတယ်။ ဒါကတော့ တံတားဆောက်မယ့်နေရာကို ပလက် ချောင်းနဲ့အတူ မြင်ရတဲ့ မြင်ကွင်းဖြစ်ပါတယ်။ ဒါကျတော့ တံတားဆောက်တဲ့ အရှေ့ဘက်ကမ်းရဲ့ ဆောက်လုပ်မှု အနေအထားဖြစ်ပါတယ်။ ဒါကျတော့ အနောက်ဘက်ကမ်းမှာ ဆောက်လုပ်ထားတဲ့ အနေ အထားကို မြင်တွေ့ရတဲ့ ပုံဖြစ်ပါတယ်။ ဒါကျတော့ အနောက်ဘက်ကမ်းက ဆောက်လုပ်ထားမှု အခြေ အနေကို မြင်တွေ့ရတာ ဖြစ်ပါတယ်။ ဒါ အရှေ့ဘက်ကမ်းက တံတားဆောက်လုပ်မှု အနေအထား ဖြစ်ပါ တယ်။ ဒါ တောင်ဘက်ခြမ်းကမြင်နေရတဲ့ ပုံဖြစ်ပါတယ်။ ဒါကျွန်တော်တို့မြင်တဲ့ အားလုံးမြင်တဲ့ ပုံစံအတိုင်း ဖြစ်ပါတယ်။ ဒါကလည်း တံတားဆောက်လုပ်မှုအနေအထားကို ကျွန်တော်တို့ သိသိသာသာမြင်နိုင်တဲ့ အနေအထား ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

အဲဒီတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဟာ အစီရင်ခံစာပါ သက်ဆိုင်ရာဝန်ကြီးဌာနက (၁၀၀)ရာခိုင် နှုန်း ပြီးစီးပြီဖြစ်တယ်လို့ ဆိုထားတာ ဖြစ်ပါတယ်။ အဲဒီတော့ ကိုယ်စားလှယ်တော်ကြီးများကပဲ (၁၀၀) ရာခိုင်နှုန်း ပြီးစီးမှု ရှိ/မရှိကို ဆုံးဖြတ်စေလိုပါတယ်။

ဆက်လက်ပြီးမှ နောက်တစ်ခုတင်ပြလိုတာကတော့ လုပ်ငန်းတွေကို တာဝန်ယူပြီး ဆောင်ရွက် နေတဲ့ ကုမ္ပဏီများကိစ္စပဲ ဖြစ်ပါတယ်။ အစီရင်ခံစာပါ ချင်းပြည်နယ်ရဲ့ လုပ်ငန်းလက်ကျန်ဖြစ်တဲ့ မင်းတပ် မြို့နယ်၊ မချုံရွာသစ်၊ ဟိန်မဆန်အကြား လက်လောင်းချောင်း ကားကူးကြိုးတံတား (၁၅၀)ပေကို ကမ္ဘာ့ ဘုရင်ကုမ္ပဏီက ဆောင်ရွက်နေတာဖြစ်ကြောင်း တွေ့ရပါတယ်။ ယခု (၉၀)ရာခိုင်နှုန်းပြီးစီးပြီဟု ဆိုထား ပါတယ်။ အမှန်တကယ် ဟုတ်/မဟုတ်တော့ သွားရောက်စစ်ဆေးမှသာ သိနိုင်မှာ ဖြစ်ပါတယ်။ သတ်မှတ်

အချိန်ကာလ ကျော်လွန်တဲ့အထိ မပြီးစီးနိုင်သေးတာထက် ဒီ ကုမ္ပဏီဟာ အရင်လုပ်ငန်းတွေမှာလည်း လုပ်ငန်းဆောင်ရွက်မှု မပီပြင်ခဲ့တာတွေ အများကြီးရှိနေတာကို ထည့်သွင်းစဉ်းစား သတိပြုရမှာ ဖြစ်ပါတယ်။ ဆိုလိုတာက စာချုပ်ပါအတိုင်း မဆောင်ရွက်ဘူးလို့ ဆိုလိုခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီး ပြောခဲ့တဲ့ ဆီးသီးဗန်းဇာတ်လမ်းကို ဖြစ်ပေါ်စေတဲ့ ပလက်ဝမြို့နယ်၊ ကြက်မအိုင်ကျေးရွာနဲ့ တိုင်ဝကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆောက်လုပ်တဲ့နေရာမှာ စံချိန်မမီလို့ လွှတ်တော်မှာ ကျွန်တော်တင်ပြ မေးမြန်းရတာလည်း ဒီ ကမ္ဘာ့ဘုရင်ကုမ္ပဏီရဲ့ လုပ်ငန်းဆောင်ရွက်မှု အားနည်းချက်ကြောင့်ပဲ ဖြစ်ပါတယ်။ အရေးယူဆောင်ရွက်မှု အခြေအနေနဲ့ ပတ်သက်လို့ အမျိုးသားလွှတ်တော်ရုံးကို ပေးပို့လာတဲ့စာကို ကျွန်တော်မိတ္တူ လက်ခံရရှိတဲ့အတွက် ကိုယ်စားလှယ်တော်ကြီးများ အားလုံးသိရှိအောင် ဖတ်ကြားတင်ပြလိုပါတယ်။ ခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးကို ခွင့်ပန်အပ်ပါတယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊

စာအမှတ် ၄၄/၄၃၇ (၂၀-အမသ)/အဖရ/၂၀၁၄)
ရက်စွဲ ၂၀၁၄၊ ဒီဇင်ဘာလ ၂၀ ရက်

သို့

အမျိုးသားလွှတ်တော်ရုံး၊

အကြောင်းအရာ ။ ပလက်ဝမြို့နယ်၊ တိုင်ဝကျေးရွာနှင့် ကြက်မအိုင်ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံ ဆောက်လုပ်ခြင်း လုပ်ငန်း အရေးယူဆောင်ရွက်ထားရှိမှု အခြေအနေ တင်ပြခြင်း။

ရည်ညွှန်းချက်(၁) ။ ဤရုံး၏ ၂၉-၁၀-၂၀၁၄ ရက်စွဲပါ စာအမှတ် ၃၅/၄၃၇(၂၀-အသမ)/ အဖရ(၂၀၁၄)

ရည်ညွှန်းချက်(၂) ။ ချင်းပြည်နယ် အစိုးရအဖွဲ့၏ (၁၀-၁၂-၂၀၁၄) ရက်စွဲပါ စာအမှတ် ၃/၆-၃၃(၂၁)/ ဦး ၄

အပိုဒ်(၁) ၂၀၁၄၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပထမအကြိမ် အမျိုးသားလွှတ်တော် ၁၁ ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့၌ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန် ၏ ပလက်ဝမြို့နယ်၊ တိုင်ဝကျေးရွာနှင့် ကြက်မအိုင်ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံများ ဆောက်လုပ်ရာတွင် သတ်မှတ်စံချိန်စံညွှန်း ကိုက်ညီမှု မရှိသဖြင့် မည်သို့ အရေးယူဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း မေးခွန်း မေးမြန်းချက်နဲ့ စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး၊ စီမံခန့်ခွဲရေး၊ ဒေါက်တာသာထွန်းကျော် ခေါင်းဆောင်သော မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် ၁၈-၉-၂၀၁၄ ရက်မှစ၍လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် ခေါင်းဆောင်သော မြေပြင်ကွင်းဆင်း စစ်ဆေးရေးအဖွဲ့သည် ၁၆-၁၁-၂၀၁၄ ရက်မှစ၍ လည်းကောင်း၊ ပလက်ဝမြို့နယ်၊ တိုင်ဝနဲ့ ကြက်မအိုင်ကျေးရွာ၊

ကျေးလက်ကျန်းမာရေးဌာနခွဲများ ဆောက်လုပ်နေခြင်းလုပ်ငန်းများသို့ မြေပြင်ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပါသည်။

အပိုဒ်(၂) မြေပြင်ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အပေါ် ချင်းပြည်နယ် ကျန်းမာရေးဦးစီးဌာနမှ စာချုပ်ချုပ်ဆိုခဲ့သည့်အတိုင်း ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ ကမ္ဘာ့ဘုရင် အပြည်ပြည်ဆိုင်ရာဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးကိုကိုအောင် အား ဟားခါးမြို့နယ်၊ ရဲစခန်းတွင် (ပ)၃၇/၂၀၁၄ ပြစ်မှုဆိုင်ရာ ပုဒ်မ ၄၂၀ ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်းနဲ့ ပလက်ဝမြို့နယ်၊ တိုင်ဝနဲ့ ကြက်မအိုင်ကျေးရွာ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများ ဆောက်လုပ်ခြင်း လုပ်ငန်းအတွက် ထုတ်ယူငွေ စုစုပေါင်းငွေကျပ်(၁၀၅၆)သိန်းအား ပြည်နယ်ကျန်းမာရေးဦးစီးဌာန MD ၀၁၀၂၃၁ သို့ ၂၃-၁၂-၂၀၁၄ ရက် နောက်ဆုံးထားပေးသွင်းရန်နှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ကမ္ဘာ့ဘုရင် အပြည်ပြည်ဆိုင်ရာ ဆောက်လုပ်ရေးကုမ္ပဏီသို့ အကြောင်းကြားထားပြီး ဖြစ်ပါကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့မှ ရည်ညွှန်းချက်(၂)ပါ စာဖြင့် တင်ပြလာမှုအား သိရှိနိုင်ပါရန် ပေးပို့ အပ်ပါသည်။

(ဇော်သန်းသင်း)

ညွှန်ကြားရေးမှူးချုပ်

ဆိုပြီးမှ ကျွန်တော်ဆီမှာ မိတ္တူပေးပို့လာပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အရေးယူဆောင်ရွက်မှုနဲ့ ပတ်သက်လို့ ပေးပို့လာတဲ့ စာထဲမှာတော့ တရားစွဲ ဆိုထားတယ်လို့ ဆိုပါတယ်။ ငွေပြန်သွင်းစေတယ်လို့ ဆိုပါတယ်။ ငွေပြန်သွင်းတာတော့ အမှန် ပြန်သွင်းစေပါတယ်။ သို့သော်လည်းပဲ တရားစွဲဆိုထားခြင်း မရှိကြောင်း လေ့လာသိရှိရပါတယ်။ နာမည် ပျက်စာရင်း ကြေညာမှာ ရှိ/မရှိတော့ ကျွန်တော်မသိရပါဘူး။ ဒါကြောင့် ကျွန်တော့်အနေနဲ့ လုပ်ငန်း ဆောင်ရွက်ရာမှာ စာချုပ်ချုပ်ဆိုတဲ့အတိုင်း မဆောင်ရွက်ဘဲ ဖောက်ဖျက်ကျူးလွန်သူ ကမ္ဘာ့ဘုရင် အပြည်ပြည်ဆိုင်ရာ ဆောက်လုပ်ရေးကုမ္ပဏီ လီမိတက်ဥက္ကဋ္ဌ ဦးကိုကိုအောင်၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် ၁၂/ ကတတ (နိုင်)၀၁၄၅၄၄၊ အမှတ် ၁၁၇/၁၁၉၊ ပထမထပ်၊ ဆူးလေ ဘုရားလမ်း၊ အမှတ်(၁)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား နာမည်ပျက် စာရင်းကြေညာပေးပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တာဝန်ရှိသူ အားလုံးအား တိုက်တွန်းအပ်ပါတယ်။ စာချုပ်ပါအတိုင်း မဆောင်ရွက်မှုအတွက် အရေးယူပေးပါရန်လည်း ထပ်မံ တောင်းဆိုအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်တင်ပြလိုတာကတော့ ကျွန်တော်ရဲ့ ဆွေးနွေးချက်ထဲမှာ အဓိက အချက်(၂)ချက် ပါဝင်ပါတယ်။ ပထမအချက်ဖြစ်တဲ့ ပလက်ဝမြို့နယ်က ပလက်ချောင်းဘေလီတံတားဆောက်လုပ်မှု (၁၀၀)ရာခိုင်နှုန်း ပြီးစီးပြီဆိုတဲ့ အချက်ဟာ လုံးဝမှန်ကန်မှု မရှိကြောင်း ထောက်ပြခြင်း ဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ မင်းတပ်မြို့နယ်၊ လက်လောင်းချောင်း ကားကူးတံတားကို ဆောက်လုပ်တဲ့ ကမ္ဘာ့ဘုရင်အပြည်ပြည်ဆိုင်ရာ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် ဟာ အထပ်ထပ်အခါခါ အမှားများစွာကို ကျူးလွန်နေပြီဖြစ်တဲ့အတွက် ထိထိရောက်ရောက် ပြတ်ပြတ် သားသား အရေးယူပေးဖို့ဆိုတဲ့ အချက်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် တာဝန်ရှိတဲ့ သူတွေက တာဝန်သိသိနဲ့ တာဝန်ယူပြီးတော့ မည်သူရဲ့ မျက်နှာကို မထောက်ဘဲ နိုင်ငံတော်ရဲ့ မျက်နှာ၊ ပြည်သူ့ရဲ့ မျက်နှာကိုသာ ထောက်ရှုပြီး တာဝန်မသိတဲ့သူတွေ တာဝန်မယူတဲ့သူတွေ အထပ်ထပ်အခါခါ အမှားကျူးလွန်သူတွေ

ကို ပြတ်ပြတ်သားသား ထိထိရောက်ရောက် အရေးယူအပြစ်ပေးသင့်ပါကြောင်း တင်ပြရင်း နိဂုံးချုပ် အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ပလက်ချောင်း ဘေလီတံတားတည်ဆောက်နေမှုမြင်ကွင်းပုံ (စစ)




ပလက်ချောင်း ဘေလီတံတားတည်ဆောက်နေမှု အဝေးမှ မြင်ကွင်းပုံ (စစ-၁)



ပလက်ချောင်း ဘေလီတံတား ပလက်ချောင်းကို ဖြတ်၍ တည်ဆောက်နေမှုမြင်ကွင်းပုံ (စစ-၂)




**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးတင်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၀။**

**ဦးတင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်အားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနဲ့ ပြည့်စုံကြပါစေကြောင်း ဆန္ဒပြု၍ ပဏာမအားဖြင့် ဂါရဝပြုနှုတ်ဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်မြေအမှတ်(၈) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော လုပ်ငန်းများအား စိစစ်တင်ပြခြင်း အစီရင်ခံစာအပေါ် ထောက်ခံတင်ပြ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အစီရင်ခံစာ စာမျက်နှာ(၁၇)၊ အပိုဒ်(၄၅)တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် မဆောင်ရွက်နိုင်သော လုပ်ငန်းများ ရှိနေကြောင်းနဲ့ ငွေထုတ်ပေးရန် ကျန်ရှိနေမှုမှာ ကျပ်သန်းပေါင်း(၅၄၅၈.၀၀၃၈)ရှိနေသည်ကို စိစစ်တွေ့ရှိရပါကြောင်း ဖော်ပြထားပါတယ်။ အချို့တင်ဒါရကုမ္ပဏီများ အနေဖြင့် မိမိတို့ သက်ဆိုင်ရာလုပ်ငန်းများကို အချိန်မီပြီးစီးသော်လည်း ရက်လွန်ဒဏ်ကြေးကောက်ခံရာမှာ တင်ဒါစည်းကမ်းများနှင့် အညီ ကောက်ခံမှုအားနည်းနေကြောင်းကို လည်း သုံးသပ်တင်ပြထားတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ သတ်မှတ်ချက်များနှင့် မကိုက်ညီပါက အရေးယူ

ဆောင်ရွက်သွားရန် လိုအပ်နေတာကို တွေ့ရှိနေရပါကြောင်း ထပ်လောင်းအစီရင်ခံထားတာကိုလည်း လေ့လာဖတ်ရှုရပါတယ်။

အခုဖော်ပြပါ အားနည်းချက်များဟာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အနှံ့ အနည်းနှင့်အများဆိုသလို ဖြစ်ပေါ်နေပါကြောင်း တင်ပြလိုပါတယ်။ သာဓကတစ်ခု အနေဖြင့် တင်ပြရမည်ဆိုပါက ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်မှာ စွမ်းအားဖြည့်ကုမ္ပဏီအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ အောင်လံ-ကျောက်ပန်းတောင်း-သမ္ဘူလလမ်းပေါ်တွင် ကတ္တရာလမ်း(၂)မိုင်၊ (၄)ဖာလုံ။ ကျောက်ချောလမ်း(၁)မိုင် တင်ဒါရရှိခဲ့ပါတယ်။ အဲဒီကုမ္ပဏီဟာ အချိန်မီလာရောက် ဆောင်ရွက်ခြင်းမပြုဘဲ မိုးဦးကျခါနီး ဧပြီ၊ မေလလောက်မှ လာရောက်ဆောင်ရွက်ခဲ့တဲ့အတွက် လုပ်ငန်းတွေ အချိန်မီ မပြီးစီးခဲ့ပါဘူး။မိုးဦးကျခါမှ လာရောက်ဆောင်ရွက်တဲ့အတွက် လမ်းဟာ မကြာမီပဲ ပြန်လည် ပျက်စီးခဲ့ပါတယ်။ မကြာမီက ကုန်ဆုံးသွားခဲ့တဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ပြီးစီးအောင်ပင် တွန်းအားပေး ဆောင်ရွက်ခဲ့ရပါကြောင်း တင်ပြအပ်ပါတယ်။ ထိုနည်းတူပဲ ကိုးခရိုင်သားကုမ္ပဏီဟာလည်းပဲ သမ္ဘူလကျေးရွာအထိ ကျောက်ချော လမ်းခင်းလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ တင်ဒါရရှိခဲ့ပါတယ်။

ဘဏ္ဍာရေးနှစ်ကုန်ဆုံးတဲ့ ၂၀၁၅ ခု မတ်လ ၃၁ ရက်နေ့အထိ လုပ်ငန်းများ မပြီးပြတ်သေးပါ။ မိုးမကျမီ ၂၀၁၅ ဧပြီ ၃၀ ရက်နေ့အထိ အပြီးဆောင်ရွက်ပေးရန် တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း ထပ်လောင်းတင်ပြလိုပါတယ်။ ယခုတင်ပြပါလုပ်ငန်းအားလုံးကို အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များနှင့် ကတိကဝတ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌနဲ့ ကော်မတီဝင်များ လုပ်ငန်းခွင်အရောက်ကွင်းဆင်း၍ လေ့လာကြည့်ရှုစိစစ်ခဲ့ကြပြီးလည်း ဖြစ်ပါတယ်။ ဆက်လက်၍ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအစီရင်ခံစာ စာမျက်နှာ (၁၈)၊ အပိုဒ် (၄၈)တွင် စံချိန်စံညွှန်း အရည်အသွေး သတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ မူလသတ်မှတ်စံနှုန်းများနှင့်အညီ ဆောင်ရွက်နိုင်မည့် တင်ဒါဈေးနှုန်းအပေါ် အခြေခံခြင်းမဟုတ်ဘဲ အနည်းဆုံးဈေးနှုန်းအပေါ် အခြေခံပြီး တင်ဒါအောင်ဈေးနှုန်းအရ တွက်ချက်တင်ပြသော ခန့်မှန်းခြေစာရင်းများအား အခြေခံဆောင်ရွက်ခဲ့ခြင်းများကြောင့် စံချိန်စံညွှန်း ပြည့်မီမှုမရှိနိုင်သည်ကို စိစစ်တွေ့ရှိရပါကြောင်း စသည်ဖြင့် တင်ပြထားတာကို တွေ့ရှိရပါတယ်။ အထူးသဖြင့် လမ်းလုပ်ငန်းတွေမှာ စံချိန်စံညွှန်းပြည့်မီမှု မရှိကြပါ။

ကျွန်တော်ဆက်လက်တင်ပြလိုတာကတော့ တင်ဒါအရ ကုမ္ပဏီတွေအနေနဲ့ အရည်အသွေး ပြည့်မီအောင် ဆောင်ရွက်ပေးဖို့လိုအပ်မှာဖြစ်ပါတယ်။ လုပ်ငန်းပြီးလို့ မကြာခင်မှာပဲ လမ်းကပြန်ပျက်သွားပြီဆိုတာ မဖြစ်စေချင်ပါဘူး။ နိုင်ငံတော်က ပေး၏။ ပြည်သူကမရ ဖြစ်နေပါမယ်။ အရည်အသွေး စစ်ဆေးရေးအဖွဲ့အဆင့်ဆင့်နဲ့ မိခင်ဌာနအနေဖြင့် ယခုထက်ပို၍ ထိထိရောက်ရောက် ကွပ်ကဲသင့်ပါကြောင်း အကြံပြုတင်ပြလိုပါတယ်။ စံချိန်စံညွှန်းပြည်မီမှုမရှိရခြင်းရဲ့အကြောင်းအရင်းများကို လေ့လာသုံးသပ်မယ်ဆိုရင် အောက်ပါအားနည်းချက်များ အောက်ခြေတွင် ဖြစ်ပေါ်နေကြောင်း လေ့လာတွေ့ရှိနိုင်ပါတယ်။

(က) တင်ဒါများချပေးရာတွင် အဂတိတရားများရှိနေသေးခြင်း၊ (ခ)တင်ဒါများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်မှ ချထားပေးသဖြင့် မြို့နယ်အဆင့် အရည်အသွေးစစ်ဆေးရေးအဖွဲ့များအပေါ် လေးစားမှုအားနည်းပြီး လမ်းညွှန်ချက်အပေါ် လိုက်နာဆောင်ရွက်မှု အားနည်းနေသေးခြင်း၊ (ဂ)မိခင်

ဌာနဖြစ်သော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် တင်ဒါရကုမ္ပဏီများအပေါ် တင်းတင်းကြပ်ကြပ်မကွပ်ကဲနိုင်ခြင်း၊ (ဃ) လုပ်ငန်းခွင်တည်ရှိရာမြို့နယ်နှင့် တင်ဒါရ ကုမ္ပဏီရုံးစိုက်ရာ မြို့နယ်တို့ မယ်တစ်ရွာမောင်တစ်မြို့ဖြစ်နေသဖြင့် အနီးကပ်အားထည့်ဆောင်ရွက်မှုမရှိကြခြင်း၊ (င) တင်ဒါရ ကုမ္ပဏီများသည် ကိုယ်တိုင်ဆောင်ရွက်ခြင်းမရှိဘဲ ထပ်ဆင့်ကန်ထရိုက်များဖြင့်ဆောင်ရွက်နေကြခြင်း၊ (စ) ဆောင်ရွက်ချက်များသည် သတ်မှတ်ထားသည့် BQ ၊ BP များနှင့်မကိုက်ညီခြင်း၊(ဆ) ကုန်ကြမ်းပစ္စည်းတစ်ခုချင်းအလိုက် အရည်အသွေးမပြည့်မီခြင်း၊ (ဇ) ကျွမ်းကျင်ပညာရှင်နှင့် ကျွမ်းကျင်လုပ်သားများမရှိခြင်း၊ (ဈ)လုပ်ငန်းခွင်တွင် ကျွမ်းကျင်တာဝန်ခံတစ်ဦးဦးအချိန်ပြည့်ကွပ်ကဲနိုင်မှုမရှိခြင်း၊ (ည) လုပ်ငန်းခွင်တွင် အသုံးပြုရမည့် စက်ယန္တရားမပြည့်စုံခြင်း၊(ဋ) လုပ်ငန်းများကို လုံလောက်သည့်အချိန်ယူ၍ စေတနာပါပါဖြင့် ဆောင်ရွက်မပေးကြခြင်းတို့ပင် ဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုကျွန်တော့်ရဲ့ တင်ပြချက်များဟာ မည်သူကိုမျှ ပြစ်တင်ရှုံ့ချနေခြင်းမဟုတ်ပါ။ မိမိကိုယ်တိုင် ကွင်းဆင်းလေ့လာချက်များအရ အားနည်းချက်များကို အပြုသဘောဖြင့် မီးမောင်းထိုးတင်ပြရခြင်းဖြစ်ပါတယ်။ ဤအားနည်းချက်တွေကို အားသာချက်တွေအဖြစ် ရောက်ရှိလာအောင် တာဝန်ရှိပုဂ္ဂိုလ်တွေက ဝိုင်းဝန်း ဆောင်ရွက်ပေးကြမယ်ဆိုရင် အတိုင်းထက်အလွန် အောင်မြင်လာမှာဖြစ်ပါကြောင်း အကြံပြုတင်ပြ လိုပါတယ်။ နိဂုံးချုပ်အနေဖြင့် ပြည်သူ့ငွေစာရင်းကော်မတီ၏ တိုက်တွန်းချက်(၅)ရပ်တွင် မပြီးပြတ်သေးသော လုပ်ငန်းများအား ပြီးပြတ်စေရေးနှင့် တင်ဒါစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်ရေး၊ ဆောင်ရွက်ပြီးစီးခဲ့သောလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး စတဲ့အချက်များအား လက်ရှိ အတွေ့အကြုံများအရ အထူးပင်အရေးကြီးလှပါကြောင်း တင်ပြလိုပါတယ်။ လက်ရှိဘဏ္ဍာရေးနှစ် ၂၀၁၅-၂၀၁၆ မှာလည်း ဝန်ကြီးဌာနအသီးသီးမှာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ မြောက်မြားစွာဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စတင်အကောင်အထည်ဖော်ကြတော့မှာ ဖြစ်ပါတယ်။ ခွဲဝေပေးထားသော အသုံးစရိတ်များကို ပြည်သူတွေ အပြည့်အဝ အကျိုးခံစားခွင့်ရရှိရေးသည် ပဓာနဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရတွင် တာဝန်ရှိသကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့်လည်း တာဝန်မကင်းပါဘူး။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီ၏ သုံးသပ်ချက်နှင့် တိုက်တွန်းချက်များအပေါ် အလေးအနက်ထောက်ခံပါကြောင်းနှင့် တိုက်တွန်းချက်များကို ထိထိ ရောက်ရောက် ဆက်လက်အကောင်အထည် ဖော်ပေးသင့်ပါကြောင်း အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၈။**

**ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီရဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနနဲ့ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတို့ရဲ့ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော

လုပ်ငန်းများအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာအား နိုင်ငံတော်ရဲ့ ဘဏ္ဍာရန်ပုံငွေအပေါ် အကျိုးရှိရှိ သုံးစွဲနိုင်ရေးအတွက် အပြုသဘောနဲ့ ထောက်ပြစိစစ်ထားတဲ့ အစီရင်ခံစာဖြစ်တဲ့အတွက် အလေးအနက် ထောက်ခံပါတယ်။ ကျွန်တော် ထပ်မံဖြည့်စွက်တင်ပြလိုတာကတော့ နိုင်ငံတော်ရဲ့ ဘဏ္ဍာရန်ပုံငွေများနဲ့ တည်ဆောက်ခဲ့ပြီး ပြည်သူလူထုမှ အကျိုးမခံစားရတဲ့ လုပ်ငန်းများနဲ့ ကျေးရွာနေပြည်သူလူထု စိတ်မချမ်း မသာဖြစ်နေရတဲ့ လုပ်ငန်းတို့ကို ထောက်ပြဆွေးနွေးလိုပါတယ်။

ပြီးခဲ့တဲ့ ကျွန်တော်တို့ မတ်လဆန်းမှာ ကျွန်တော်ဟာ ကလေးဝမြို့နယ်အတွင်းမှာ လွှတ်တော် ရန်ပုံငွေဖြင့် ဆောင်ရွက်တဲ့လုပ်ငန်းများ စိစစ်ရန်ရောက်ရှိခဲ့ပါတယ်။ ဒီလုပ်ငန်းများအားလုံးဟာ စိစစ်တဲ့ အခါမှာ ပြောစရာမလိုဘဲ သေသေချာချာ စနစ်တကျဆောင်ရွက်နေကြတာကို တွေ့ရှိရပါတယ်။ သို့သော် လည်းပဲ နိုင်ငံတော်ရဲ့ ရန်ပုံငွေနဲ့တည်ဆောက်နေတဲ့ တံတားတစ်ခုနဲ့ စာသင်ဆောင်တစ်ခုတို့ကို ခရီးသွား ဟန်လွှဲ ဝင်ရောက်ကြည့်ရှုတဲ့အခါမှာ တော်တော်လေး အခြေအနေဆိုးနေတာမို့ တင်ပြဆွေးနွေးချင်ပါ တယ်။ Power Point ဖြင့် တင်ပြဆွေးနွေးခွင့်ပြုပါ။

ကျွန်တော်တို့ ဒါဟာ ကလေးဝမြို့နယ်ထဲက (၁၀၀)ရာခိုင်နှုန်းပြီးစီးတဲ့ ဆည်ကြီးချောင်း တံတား ဖြစ်ပါတယ်။ တံတားဟာ ကျွန်တော်တို့ ကမ်းကပ်ခုံဟာ ကျွန်တော်တို့ ရေလယ်ခေါင်မှာ ရောက်ရှိ နေတာကို ဒီနေရာမှာ တွေ့ရှိရမှာဖြစ်ပါတယ်။ ဒီလိုဖြစ်ရခြင်းဟာလည်း ချောင်းထက်စာရင် တံတားက တိုနေလို့ဖြစ်ပါတယ်။ ဒီတံတားစတင်ဆောက်လုပ်စဥ်က ကျေးရွာက ပြောပါတယ်။ ခင်ဗျားတို့တံတား တိုတယ်။ အဲလိုဆောက်ရင်တော့ ဖြစ်မှာမဟုတ်ဘူးလို့၊ ဒါကျွန်တော်တို့ ကျေးရွာကလူတွေအားလုံးက တင်ပြကြပါတယ်။ သို့သော်လည်းပဲ သူကတော့ ရရှိတဲ့ဒီဇိုင်းအတိုင်း ဆောက်လုပ်လိုက်တဲ့အတွက် အခုလိုဖြစ်သွားတာဖြစ်ပါတယ်။ အဲဒီတော့ ဒီတံတားကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ ကမ်းကပ်ခုံဟာ ချောင်းကမ်းပါးမှာမရှိဘဲ ချောင်းအလယ်မှာ ရောက်ရှိနေတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။

အဲဒီတော့ သူတို့က ချောင်းကမ်းပါးအထိ မြေဖို့ပြီး တံတားကို စပြီး သုံးပါတယ်။ ဒါတော့ ကျွန်တော်တို့ ပွင့်လင်းရာသီမှာတော့ သုံးလို့ရပါသေးတယ်။ သို့သော်လည်း မိုးကျလာတဲ့အခါ ဒီဆည်ကြီး ချောင်းတို့၊ ဘာတို့ဟာ အင်မတန်မှ ရေစီးသန်တဲ့ချောင်းတွေဖြစ်ပါတယ်။ ချောင်းထဲမှာ ကျွန်တော်တို့ ဒါ မဟာမြိုင်ကနေ စတင်စီးဆင်းခဲ့တဲ့ ချောင်းတွေဖြစ်တဲ့အတွက် ကျွန်တော်တို့ ဒါ သစ်ပင်တွေရော၊ သစ်တုံး တွေရော ပါလာတတ်တဲ့ ချောင်းဖြစ်တဲ့အတွက် ဒါဟာ ဒီလိုနည်းနဲ့ ဘယ်လိုမှ လုပ်လို့မရပါဘူး။ အဲဒီတော့ ကျွန်တော်တို့ တိုတိုပြောရရင်တော့ ကျွန်တော်တို့ ဒါ အချိန်ကို ငဲ့ညာသောအားဖြင့် ပုံထဲမှာမြင်တဲ့အတိုင်း ကမ်းကပ်ခုံဟာ ရေလယ်ခေါင်မှာ ကျန်ခဲ့တယ်။ ကမ်းကပ်ခုံနဲ့ ချောင်းကမ်းပါးဟာ ပေ(၄၀)လောက် ဝေးကွာသွားပါတယ်။ အသုံးပြုလို့မရတဲ့တံတား ဖြစ်သွားပါတယ်။

နိုင်ငံတော်က ငွေကုန်ကြေးကျ အင်မတန်များပါတယ်။ ဒီတံတားကြီးဟာ သံကူ ကွန်ကရစ် တံတားဖြစ်တဲ့အတွက် ကုန်ကျစရိတ် အင်မတန်များမယ်ဆိုတာသိရှိရပါတယ်။ သို့သော်လည်းပဲ ဒါကို ကျွန်တော်တို့ ဒီလိုပုံစံမျိုးနဲ့ကျေးရွာတွေမှာ နစ်နာနေတာတွေ့ရပါတယ်။ ဒီကျေးရွာရဲ့ ဒီတံတားဟာဆိုရင် စောစောက ပုံလေးပြန်ပြပါအုံး၊ ဒီတံတားဟာ ကျွန်တော်တို့ ဒါ ခရိုင်ချင်းဆက် လမ်းပေါ်မှာရှိတဲ့ တံတားလည်းဖြစ်ပါတယ်။ အဲဒီတော့ ခရိုင်ချင်းဆက်လမ်းပေါ်မှာရှိတဲ့ တံတားဖြစ်တဲ့အတွက် အရေးပါတဲ့ တံတားတစ်စင်းလည်း ဖြစ်ပါတယ်။ နောက်တစ်ခါ ဒီကျေးရွာတွေ အနေနဲ့လည်း အခု ကျွန်တော်တို့ မြင်ရတဲ့ တံတားထိပ်၊ ဒီဘက်ထိပ်ကဆိုရင် ကျွန်တော်တို့ ကျေးရွာရှိပါတယ်။ ကျေးရွာရဲ့ ဒီဒေသမှာ

ရှားရှားပါးပါး အထက်တန်းကျောင်းခွဲဖြစ်ပါတယ်။ အထက်တန်းကျောင်းခွဲဖြစ်တဲ့ အတွက် ဒီတံတားရဲ့ မြောက်ဘက်ပိုင်းက ကျေးရွာတွေတော်တော်များများရှိပါတယ်။ ကျေးရွာပေါင်း (၂၀)၊ အစိတ် လောက် ရှိပါတယ်။ ဒီရွာတွေကလည်း ဒီကျေးရွာမှာလာပြီး ကျောင်းမှာလာကျောင်းတက်ရပါတယ်။ မိုးတွင်းမှာဆိုရင် ကျွန်တော်တို့ ချောင်းမြောက်ဘက်က ရွာတွေဟာ ဒါကျောင်း မတက်နိုင်ပါဘူး။ အခု ဒီတံတားကြီး ထိုးပေးလိုက်တဲ့အခါမှာ ကျေးရွာတွေက တော်တော် ဝမ်းသာကြပါတယ်။ တံတားကြီး ပြီးသွားရင်တော့ ငါတို့ကတော့ ကျောင်းတက်ရတာ လွယ်ကူသွားပြီလို့ သူတို့က သူတို့စိတ်ထဲမှာ ဒါယူဆတယ်၊ သို့သော်လည်းပဲ ဒါအခုကတော့ မြင်တဲ့အတိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီလိုဖြစ်သွားတာကို ဘယ်သူတာဝန်ယူဆောင်ရွက်မလဲ၊ ဘယ်လို ဆက်စပ်ဆောင်ရွက်ကြမလဲ ဆိုတာကို အခုထိမသိရတာဖြစ်ပါတယ်။

ဒါနောက်တစ်ခုဖြစ်ပါတယ်။ တံတားကိစ္စ။ နောက်တစ်ခုက ကျွန်တော်တို့ ကလေးဝမြို့နယ် ထဲက နောက် ကျွန်တော်တို့ မျောက်တွန်လော်ကျေးရွာက ကျောင်းဆောင်တစ်ဆောင်ဖြစ်ပါတယ်။ ဒီ အနေအထားကြည့်ရတာတော့ ကျောင်းဆောင်လေးဟာ အသစ်ကလေးပါပဲ၊ သို့သော်လည်းပဲ ဒီပျဉ်တွေ ကိုကြည့်လိုက်ပါ။ ဒီပျဉ်တွေဟာ ဒါဆေးလေးတွေသုတ်ထားတာ ဒီပျဉ်တွေက ကျွန်တော်တို့ မျောက်တွန် လော်ဆိုတဲ့ ကျေးရွာဟာ ဒါကလေးဝမြို့နယ်ထဲက သစ်တောနဲ့နီးကပ်တဲ့ ကျေးရွာဖြစ်ပါတယ်။ ကျွန်တော် တို့ သစ်ဝါးလည်းပေါပါတယ်။ ပျဉ်းကတိုးသားတွေနဲ့ တည်ဆောက်မယ်ဆိုရင်လည်း ပျဉ်းကတိုးသား ရဲ့ဈေးနှုန်းဟာ မများပါဘူး။ သို့သော်လည်းပဲ လာရောက်တည်ဆောက်တဲ့အခါမှာ ပျဉ်းကတိုးသားကို မသုံးဘဲ အခြားသားတွေကို သုံးထားပါတယ်။ အခြားသားတွေ သုံးထားတဲ့အတွက် ဒါမကြာမီမှာ ဒီ အသားတွေဟာ ခြကိုက်မယ်၊ ပိုးစားမယ်၊ ဒီအဆောက်အအုံဟာ အခုတောင်မှ ဒါ ကျွန်တော်တို့ အလယ် ခေါင်မှာ ဒီထုပ်တန်းတွေကို ကြည့်လိုက်ရင် ယိုင်နဲ့နေပါတယ်။ တော်တော်လေး အခြေ အနေဆိုးပါတယ်။

အဲဒီတော့ ဒါတွေကို မြို့နယ်၊ ခရိုင်၊ ကျွန်တော် စီခန့်တို့ မြို့နယ်စီခန့်တို့ကို အကြောင်းကြားတဲ့ အတွက် ခရိုင်စီခန့်၊ မြို့နယ်စီခန့်တွေက လာရောက်ပြီး ဒီကျောင်းဆောင်ကို ပြန်လည်ပြုပြင်ပေးဖို့၊ ပြန်လည်တည်ဆောက်ပေးဖို့ ညွှန်ကြားပါတယ်။ သို့သော်လည်း အခုအချိန်ထိ ဒါ လုံးဝ တည်ဆောက် ပေးခြင်း မရှိပါဘူး။ ဒါ ကျွန်တော်တို့ မျက်နှာကြက်နဲ့ ဒီကြားထဲမှာ ကျွန်တော်တို့ မတွေ့ပါဘူး။ မျက်နှာကြက်က ဒီလိုမျိုးနော်၊ ကြားထဲမှာ ဟနေတဲ့ဟာမျိုး၊ မျက်နှာကြက်မျိုး တစ်ခါမှမတွေ့ဖူးပါဘူး။ တည်ဆောက်ထားတာလေးက နော်၊ တော်တော်လေး လက်ရာမြောက်မြောက် တည်ဆောက်ထားတဲ့ သဘောဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ ဒါလေးတွေဟာ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ရန်ပုံငွေကုန်ကျပြီး ပြည်သူလူထုအနေနဲ့ ပေးကားပေး၏မရဆိုတဲ့ ပုံစံမျိုးဖြစ်ပါတယ်။ ဒါမကြာခင် ဒီကျောင်းဆောင်ဟာ ဒါကြာရှည်ခိုင်မယ့် ကျောင်းဆောင်မဟုတ်ပါဘူး၊ (၂)နှစ်(၃)နှစ်နဲ့ ပျက်စီးသွားမယ့် ကျောင်းဆောင်ဆိုတာ ကျွန်တော် ပြောရဲပါ တယ်။

အဲဒီတော့ ဒါကိုလည်း ပြန်လည်တည်ဆောက်ဖို့ ဒါတင်ပြ ကျွန်တော်တို့ ဒါ ခရိုင်အဆင့်၊ မြို့နယ်အဆင့် စီခန့်တွေက ကျွန်တော်တို့ ညွှန်ကြားတာတောင်မှ ဘာမှ အရေးမလုပ်တဲ့ သဘောဖြစ်ပါ တယ်။ အဲဒီက ဒါ ဒီကုမ္ပဏီနာမည်က Royal Grate ကုမ္ပဏီလို့ပြောပါတယ်။ အဲဒီတော့ ကျွန်တော် တို့ နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ တာဝန်ရှိသူအဆင့်ဆင့်ရဲ့ကြီးကြပ်မှု အားနည်းခြင်းနဲ့ တာဝန် ယူမှု၊

တာဝန်ခံမှုများမရှိခြင်းအပေါ် အရေးတယူပြုပြင်ဆောင်ရွက်နိုင်ပါရန် ဥက္ကဌကြီးမှ တစ်ဆင့်တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

ကလေးဝမြို့နယ် ဆည်ကြီးချောင်းတံတားပုံ (ဆဆ)




ကလေးဝမြို့နယ် ဆည်ကြီးချောင်းတံတားပုံ (ဆဆ-၁)



ကလေးဝမြို့နယ် မြောက်တွန်လျှော်ကျေးရွာ အ.မ.က ကျောင်းမြင်ကွင်းပုံ (ဆဆ-၂)




**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချိုဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၅။**

**ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ချိုဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်း ကော်မတီက နယ်စပ်ရေးရာဝန်ကြီးဌာနနဲ့ မွေးမြူရေးနှင့်ရေလုပ်ငန်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန တို့ရဲ့ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းများအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို ကျွန်တော်ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အချိန်ကိုက်ပါပဲခင်ဗျား။ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ မနေ့က သတင်းစာတွေမှာ တင်ဒါတွေနဲ့ ပတ်သက်ပြီး ၂၀၁၅-၂၀၁၆ ခုနှစ် အတွက် အပြိုင်အဆိုင်ခေါ်ယူ နေတာကို ကျွန်တော်ဖတ်ရှုခဲ့ရပါတယ်။ ယခုအစီရင်ခံစာကတော့ ၂၀၁၃-၂၀၁၄ ခုနှစ်က ဆောင်ရွက်ခဲ့ တာတွေကို တင်ပြတာပဲဖြစ်ပါတယ်။ အစီရင်ခံစာပြုစုတဲ့ ကော်မတီကိုလည်း များစွာကျေးဇူးတင်ရှိပါ တယ်။ အစီရင်ခံစာဟာ ဝန်ကြီးဌာန (၂)ခုကိုပဲ အထူးပြုဖော်ပြခဲ့တာဖြစ်လို့ ကျန်ဝန်ကြီးဌာနများမှာ လည်းပဲ အလားတူကိစ္စရပ်တွေ ရှိနိုင်လို့ ဖြစ်နိုင်တဲ့ အချိန်မှာ ကျန်ဝန်ကြီးဌာနများ အကြောင်းအချက် အလက်များကို ပြုစုတင်ပြပေးဖို့ရန်အတွက် တိုက်တွန်းအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ထုံးစံအတိုင်းပါပဲ၊ အစီရင်ခံစာမှာပါတဲ့ အကြောင်း အရာအချက်တွေကို လေ့လာကြည့်မယ်ဆိုရင် တင်ဒါပေးမှုတွေ၊ အကောင်အထည်ဖော်မှုတွေ၊ အရည် အသွေးစံချိန်စံညွှန်းတွေ၊ တင်ဒါပိုငွေပြန်အပ်ပြီးတော့မှ ပြန်လည်သုံးစွဲမှုတွေနဲ့ နိုင်ငံတော် စီမံကိန်းတွေ

မှာ လုံးချာလိုက်နေတဲ့ကိစ္စရပ်တွေကို ဖော်ပြထားတာပဲဖြစ်ပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီးတော့လည်း လွှတ်တော်သက်တမ်းတစ်လျှောက်လုံးမှာ ကျွန်တော်တို့ ဝင်ရောက်ဆွေးနွေးခဲ့တဲ့ အခြေအနေတွေဟာ သက်ဆိုင်ရာမှတ်တမ်းတွေမှာ ရှိပြီးဖြစ်ပါတယ်။ အစီရင်ခံစာရဲ့စာမျက်နှာ(၉) အပိုဒ် ၂၆ မှာ နယ်စပ်ရေးရာအတွက် တင်ပြထားချက်ကတော့ ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတွေအပေါ်မှာ အရည်အသွေး စံချိန်စံညွှန်း ပြည့်မီခြင်းရှိ/မရှိ ဖွဲ့စည်းစစ်ဆေးတာမရှိဘူးလို့ ရေးသားထားပါတယ်။

ဒါကတော့ ထိုစဉ်ကာလများကတည်းက ဖြစ်နေတယ်လို့ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ ဆက်လက်ပြီးတော့ မွေးမြူရေးရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဝန်ကြီးဌာန၊ ကျေးလက်ဦးစီးဌာနရဲ့ ဆောင်ရွက်မှုတွေမှာ အသစ်ဖွဲ့စည်းလို့ပဲဖြစ်ဖြစ်၊ ပြောင်းလဲဖွဲ့စည်းလို့ပဲဖြစ်ဖြစ် လုပ်နေတာကတော့ နိုင်ငံတော်စီမံကိန်းတွေပဲဖြစ်ပါတယ်။ အဲဒီမှာ အစီရင်ခံစာရဲ့ စာမျက်နှာ(၁၁) အပိုဒ် ၃၁ မှာ တင်ဒါပိုင်ငွေ များနဲ့ စီမံခန့်ခွဲမှုကို တင်ပြထားပါတယ်။ ကော်မတီကပြုစုမှု ကျွန်တော်တို့ ပိုပြီးတော့ ရှင်းလင်းစွာ သိမြင်ရ၍ ကျေးဇူးတင်ပါတယ်။ ဒီတင်ဒါပိုင်ငွေတွေကို ပြန်သုံးတာတွေ၊ အသားတင်ပိုလို့ ပြန်အပ်တာတွေရှိနေခဲ့တာကို တွေ့ရှိခဲ့ရပါတယ်။ ဒါတွေကိုပြန်ကြည့်ရင် တင်ဒါပိုင်ငွေဖြစ်ခဲ့တဲ့ လုပ်ငန်း တွေဟာ လမ်းတံတားတွေဟာ အများဆုံးပါပဲခင်ဗျား။ ဒုတိယက ရေပေးရေးနဲ့ တတိယကတော့ ကျေးလက်မီးလင်းရေးတို့ပဲဖြစ်ပါတယ်။ ဒေသတွေမှာလည်းပဲ အလိုအပ်ဆုံးဟာ အဲဒီ လုပ်ငန်းတွေပဲ ဖြစ်နေပါတယ်။

ဒါကြောင့် တင်ဒါပိုင်ငွေ ဘာကြောင့်ဖြစ်ခဲ့ရသလဲ၊ အဲဒီ တင်ဒါပိုင်ငွေတွေကိုလည်း ဘယ်လို စနစ် တွေနဲ့ သုံးနေသလဲ၊ သက်ဆိုင်ရာ လွှတ်တော်တွေကရော သိရဲ့လား၊ တစ်ဦး တစ်ယောက်ရဲ့အမိန့်နဲ့ လက်သိပ်ထိုး ပေးနေတာလားဆိုတာကို စဉ်းစားစရာဖြစ်နေပါတယ်။ ဒါလေးကတော့ ကျွန်တော့်ရဲ့ ထင်မြင်ယူဆချက်ကလေးဖြစ်ပါတယ်။ အရေးကြီးပါတယ်။ အစီရင်ခံစာရဲ့ စာမျက်နှာ(၁၃)မှာပါတဲ့ တင်ဒါပိုင်ငွေများသုံးစွဲရာတွင် တင်ဒါပိုင်ငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းဟူ၍ သီးသန့်ခွဲခြား သုံးစွဲခြင်း မျိုး မဟုတ်တာကိုတွေ့ရပြီး မူလလုပ်ငန်းအပေါ် ရောထွေးစွာသုံးစွဲခဲ့တယ်လို့ တွေ့ရလို့ ဒီလုပ်ငန်းဟာ အရေးကြီးတယ်လို့လည်း ရှင်းရှင်းလင်းလင်းဖြစ်စေချင်ပါတယ်လို့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ဒေသတွေမှာလည်းပဲ ဒီအသံတွေပဲကြားနေရတာဖြစ်ပါတယ်။ အကယ်၍ တင်ဒါပိုင်ငွေနဲ့ လုပ်တယ်ဆိုရင် လည်းပဲ သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်များရဲ့ ကတိကဝတ်လုပ်ငန်းများကို ဆက်လက် လုပ်ဆောင်သွားဖို့ လိုအပ်ပါလိမ့်မယ်။ လက်သိပ်ထိုးလုပ်တာမျိုး မလုပ်သင့်ဘူးလို့တော့ ကျွန်တော့် အနေနဲ့ တင်ပြလိုပါတယ်။ နောက်တစ်ခါ စာမျက်နှာ(၁၃) အပိုဒ်(၃၆)(ခ)ကတော့ တင်ဒါစနစ်သည် တန်ဖိုးအနည်းဆုံးအပေါ်မှာ အခြေခံ၍ ရွေးချယ်သည့် မူဝါဒရှိခဲ့ခြင်းကြောင့် တင်ဒါပိုင်ငွေများ ဖြစ်ပေါ်ခဲ့ ပြီးတော့ စံချိန်စံညွှန်းပြည့်မီမှု ရှိ/မရှိ စိစစ်ဖို့လိုတယ်လို့ အစီရင်ခံစာမှာ ရေးသားထားတာ တွေ့ရပါတယ်။

အဲဒီ တန်ဖိုးအနည်းဆုံးအပေါ် အခြေခံရွေးချယ်တာကို ကောင်းသလိုလိုနဲ့ လက်တွေ့မှာ အထက်မှာ ရှင်းပြခဲ့တဲ့ ကိုယ်စားလှယ်ကြီးတွေ ပြောသွားတဲ့အတိုင်း ပြဿနာတွေနဲ့ ရင်ဆိုင်နေရတာတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေပါပဲခင်ဗျား။ ဒေသခံပြည်သူတွေနဲ့ တွေ့ဆုံတဲ့နေရာတွေမှာ ရှင်းလင်းရမှုတွေမှာ တာဝန်ရှိသူတွေ ရောက်တာမရှိသလောက်ပါပဲ။ လူကြီးလာမှ ပြန်ပြင်တာတွေ ကျွန်တော်တို့ လွှတ်တော်ထဲကနေပြီးတော့ တိုင်စာတွေပို့မှ ပြန်ပြင်တာတွေဟာ အခုအချိန်ထိ ကျွန်တော် တို့ မဲဆန္ဒနယ်တွေမှာ ရှိနေတုန်းပါပဲလို့ တင်ပြလိုပါတယ်။

ဒါကြောင့် ဒီအစီရင်ခံစာမှာပါတဲ့ တင်ဒါရွေးချယ်နည်းစနစ်ကို ထိုက်သင့်သလို ပြုပြင်သင့်ပါတယ်လို့လည်း ထပ်လောင်းဆွေးနွေးတင်ပြလိုပါတယ်။ ဆက်လက်ပြီးတော့ ကျေးလက်မီးလင်းရေးအတွက် ကော်မတီ၏ ဖော်ပြချက်ကို အများကြီးကြိုဆိုပါတယ်။ ဘာကြောင့်လည်းဆိုတော့ တစ်အိမ်ရရှိတဲ့တန်ဖိုးကို ဖော်ပြနိုင်လို့ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးမှာ တစ်အိမ်ရရှိတဲ့တန်ဖိုးဟာ (၁၉၁၅၈၀)ကျပ်ဖြစ်နေလို့ (၂၀၀၀၀၀)နီးပါးရှိတယ်လို့သိရပါတယ်။ လက်တွေ့မှာ ရှိ/မရှိကိုတော့ လက်ခံရရှိကြတဲ့ ပြည်သူတွေပဲ သိမှာဖြစ်ပါတယ်။ ကျေးလက်မီးလင်းရေး ဆိုလာစနစ်ဆိုတာ ရွာတွေမှာ အလကား ထောက်ပံ့ပေးတာဖြစ်ပါတယ်။ ရွာသူရွာသားတွေကလည်း အလကားရလို့ ပျော်နေတာပါ။ ကုန်သွားတာကတော့ နိုင်ငံတော်တွေပါပဲ။ ထိရောက်စေချင်ပါတယ်။ မြန်မာနိုင်ငံမှာ ကျေးလက်မီးလင်းရေးကို ခေတ်အဆက်ဆက်က နည်းအမျိုးမျိုးနဲ့ ဆောင်ရွက်ခဲ့တဲ့ သမိုင်းတွေ အများကြီး ရှိခဲ့ပါတယ်။

အဓိကကတော့ ကောက်ရိုးမီးလို မဖြစ်စေချင်တာတွေကတော့ အမှန်ပါပဲ။ တင်ဒါအောင်ကုမ္ပဏီတွေအနေနဲ့ ကျေးလက်တွေမှာ ဆိုလာပြားနဲ့ ဘက်ထရီ၊ မီးသီးနဲ့ဆက်စပ်ပစ္စည်းစတဲ့ ကိစ္စရပ်တွေကို ပေးလိုက်ရုံနဲ့ မပြီးပါဘူး။ ထိုက်သင့်တဲ့ ဝန်ဆောင်မှုတွေ ပေးစေချင်ပါတယ်။ စာရွက်ပေါ်မှာ ပြတဲ့ ဝန်ဆောင်မှုမျိုး မဖြစ်စေချင်ပါဘူး။ ကျွမ်းကျင်တဲ့လုပ်သားတွေနဲ့ နိုင်ငံ့ငွေတွေကို ပြည်သူတွေအတွက် အထောက်အပံ့ရအောင် ထိုက်သင့်တဲ့ဝန်ဆောင်မှုတွေပေးတဲ့ ကုမ္ပဏီမျိုးတွေကို ပေးစေချင်ပါတယ်။ အမည်ခံကုမ္ပဏီတွေကို မပေးစေချင်ပါဘူးလို့ တိုက်တွန်းတင်ပြလိုပါတယ်။ စိစစ်လိုက်ရင် မူလသတ်မှတ်စံနှုန်းများနဲ့အညီ ဆောင်ရွက်မယ့် တင်ဒါဈေးနှုန်းအပေါ် အခြေခံခြင်း မဟုတ်ဘဲနဲ့ အနည်းဆုံးဈေးနှုန်းအပေါ်အခြေခံပြီး တင်ဒါအောင်နှုန်းတွေနဲ့ ဆောင်ရွက်ခဲ့ခြင်းကြောင့် စံချိန်စံညွှန်းတွေ မမီတာဖြစ်နေတယ်လို့လည်း အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

အစီရင်ခံစာမှာပါတဲ့ ချို့ယွင်းအားနည်းချက်တွေ၊ သုံးသပ်ချက်တွေထဲမှာပါတဲ့ ထိရောက်တဲ့ စီမံမှု၊ အရေးယူမှုတွေ ရှိဖို့လိုအပ်မှာဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ ဝန်ကြီးဌာနများအလိုက် လုပ်ငန်းတွေ တူညီကြသော်လည်းပဲ စံသတ်မှတ်ချက်မတူညီတဲ့အတွက် ငွေခွဲဝေရရှိမှုတွေဟာလည်း တူညီမှုမရှိတာကို အစီရင်ခံစာမှာ ဖော်ပြထားတာဖြစ်သည့်အတွက် ဒီအကြံပြုချက်၊ဖော်ပြချက်ကလေးကိုတော့ အလေးအနက်ထားပြီးတော့ ဆောင်ရွက်စေချင်ပါကြောင်း ထပ်လောင်းတင်ပြလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ် တိုက်တွန်းချက်မှာတော့ တင်ဒါဆိုရင်လည်းပဲ စည်းကမ်းနဲ့အညီ အရေးယူဖို့လိုပါလိမ့်မယ်။ ပြည်နယ်နှင့်တိုင်းအလိုက် ထိုင်ခုံတွေပေါ်မှာပဲ စစ်ဆေးခြင်းမျိုးမဟုတ်ဘဲနဲ့ မြေပြင်အရောက်စစ်ဆေးဖို့လိုပါလိမ့်မယ်။ ဒါမှသာ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီက တင်ပြခဲ့တဲ့ အစီရင်ခံစာက ထောက်ပြခဲ့တဲ့လုပ်ငန်းများ အောင်မြင်မှာ ဖြစ်ပါကြောင်း ထောက်ခံတင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမြတ်ကို ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၃။**

**ဦးမြတ်ကို၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်ဝကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြတ်ကို ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဝင်း ရဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် စိစစ်တင်ပြခြင်း အစီရင်ခံစာအပေါ် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၃-၂၀၁၄ ကျန်တဲ့နေရာတွေ တော်တော် များများကို လေ့လာတဲ့အခါမှာ ခက်ခဲတဲ့ဒေသတွေပဲ ဖြစ်ပါတယ်။ ကချင်ပြည်နယ်မှာ(၁)ခု၊ ကယားပြည်နယ်မှာဆိုရင် လုပ်ငန်း(၃)ခု၊ ကရင်ပြည်နယ်မှာဆိုရင် လုပ်ငန်း (၃)ခု၊ ချင်းပြည်နယ်မှာဆိုရင် ကျန်ပါတယ်။ ပြီးရင် ရခိုင်ပြည်နယ်မှာလည်း ကျန်ရှိပါတယ်။ တနင်္သာရီတိုင်းမှာလည်း ကျန်ပါတယ်။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာတော့ အများဆုံးကျန်ပါတယ်။ ကျွန်တော်တို့က ပထမရတယ်လို့ ပြောလို့ရပါတယ် ကျန်တဲ့အထဲမှာ ပြီးရင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသက(၂)ခု၊ ဒီလို အသီးသီးလေ့လာတွေ့ရှိရပါတယ်။ ဒီလိုတွေ့ရှိရတဲ့အပေါ်မှာ ကျွန်တော်တို့ကအပြုသဘောနဲ့ ကျွန်တော် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ နာဂဒေသမှာဆိုရင် ကျွန်တော်တို့ လုပ်ငန်းပေါင်း(၁၆၃)ခုရရှိပါတယ်။ ဘဏ္ဍာငွေလည်း အများအပြား သုံးစွဲထားတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ကျန်တဲ့လုပ်ငန်းတွေကတော့ အဓိက လဟယ်မြို့နယ် ဆင်သေ -လဟယ် -ဖားဆောင်းကမ်းရိုးတန်း (၃၈)မိုင် ကျောက်ခင်းလမ်း ဒါ က.က.ရ ကနေ လုပ်တာပါ။ ကျွန်တော်ကိုယ်တိုင်လည်း ဒီလမ်းကိုရောက်ပြီးပါပြီ။ ဒီနှစ်ပွင့်လင်းရာသီမှာ အပြီးအစီးဆောင်ရွက်မယ်လို့ သူတို့ကတိပေးထားပါတယ်။ ပြီးနိုင်ဖို့လည်း ကျွန်တော်တို့ ယုံကြည်ပါတယ်။ ဒုတိယကတော့ လေရှီး -မဝမ်းလွတ်ဆွန်ပရာလမ်း (၆၈)မိုင်၊ ကျွန်တော်တို့ ဒီနေ့မနက် ဖုန်းဆက်ပြီး မေးပါတယ်။ မေးတဲ့အချိန်မှာ မြေသားလမ်း အားလုံးပြီးစီးသွားပါပြီ။ (၁၀၀) ရာခိုင်နှုန်း ပြီးစီးပါပြီ။ ကျွန်တော်တို့ ကျန်ရှိတာကတော့ ကျောက်ခင်းလမ်းနဲ့ ကတ္တရာလမ်း အပိုင်းပါ။ ကျန်နေပါတယ်။ ဒါကိုလည်း ပြီးစီးဆောင်ရွက်အောင် ကျွန်တော်တို့ တိုက်တွန်းထားပါတယ်။ ပြီးစီးမှုကတော့ (၈၀)ရာခိုင်နှုန်းလို့ ကျွန်တော်တို့ပြောပါတယ်။

လေရှီးမြို့နယ် နောက်တစ်ခု လေရှီး-ပန်ဆက်-ဆွန်ပရာလမ်း (၃၉)မိုင် ကျောက်လုပ်ငန်းခင်းခြင်း ကတ္တရာလမ်းခင်းခြင်း ဒီဟာတွေလည်း (၈၉.၆၃)ရာခိုင်နှုန်း ပြီးစီးနေပါပြီ။ ဒီပွင့်လင်းရာသီမှာ ပြီးနိုင်မယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။ နောက်တစ်ခုကတော့ နန်းယွန်း-ပန်ဆောင်လမ်း (၄၃)မိုင် မြေသားလမ်း(၁၈)မိုင်၊ ကျောက်လမ်း(၆)မိုင် ဖောက်လုပ်ချိန်တုန်းက က.က.ရ ကနေ လုပ်တာဖြစ်ပါတယ်။ (၂)ဖွဲ့ပဲဆောင်ရွက်တာဖြစ်ပါတယ်။ (၉၆.၂၁)ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါတယ်။ လက်ရှိပွင့်လင်းရာသီမှာ ကျွန်တော်တို့ အဲဒီလုပ်ငန်းတွေကို ဆောက်လုပ်ရေးကို လွှဲပြောင်းပေးရမှာ ဖြစ်တဲ့အတွက် ဒါတွေကိုလည်း ပြီးစီးဖို့ တွန်းအားပေးလျက်ရှိပါတယ်။ နန်းယွန်းမြို့နယ် နောက်တစ်ခု ကျန်တာက

တော့ နန်းယွန်း-ပန်ဆောင်လမ်း (၃၄)မိုင် (၃)ဖာလုံ မြေသားလမ်း (၁၁)မိုင် (၃)ဖာလုံ ကျောက်လမ်း (၄)မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းအား စုရန်ထွန်းကုမ္ပဏီမှ ဆောင်ရွက်ပေးလျက် ရှိနေပါတယ်။ ဒါလည်း(၇၀)ရာခိုင်နှုန်းပြီးစီးပြီလို့ ကျွန်တော်တို့သိရှိရပါတယ်။ လုပ်ငန်းတွေကို ကျွန်တော်တို့ ပွင့်လင်းရာသီမှာ အပြီးလုပ်ဆောင်မယ်လို့ ကျွန်တော်တို့ယုံကြည်ပါတယ်။

နောက်တစ်ခု ကျန်တာကတော့ နန်ယွန်း-ပန်ဆောင်လမ်း (၃၄)မိုင် (၃)ဖာလုံ မြေသားလမ်း (၅)မိုင် ကျောက်လမ်း(၄)မိုင် ဒါတွေကိုတော့ ကျွန်တော်တို့ နာဂငြိမ်းချမ်းရေးအဖွဲ့က ယူပြီးတော့မှ လုပ်တာဖြစ်ပါတယ်။ ကျွန်တော်တို့ နာဂငြိမ်းချမ်းရေးအဖွဲ့ကိုလည်း ပွင့်လင်းရာသီမှာ အပြီးဆောင်ရွက်ဖို့ တွန်းအားပေးထားပြီး ဖြစ်ပါတယ်။ သူတို့ရဲ့ ပြီးစီးမှုကတော့ (၇၅)ရာခိုင်နှုန်း အနေအထားလေးတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ဒေသမှာ လုပ်ငန်းတွေ ဘာလို့ကျန်သလဲလို့ သုံးသပ်ကြည့်မယ်ဆိုရင် ဒီအကြောင်းလေးကို ကျွန်တော် နည်းနည်းရှင်းပြချင်ပါတယ်။ လုပ်ငန်းတွေ ကျန်ရတဲ့ အကြောင်းရင်းက ကျွန်တော်တို့ဆီမှာ ရာသီဥတုနဲ့လည်း ဆိုင်ပါတယ်။ ဥပမာ ကျွန်တော်တို့ နေပြည်တော်မှာ လုပ်ငန်းတစ်ခုရမယ်ဆိုရင် ကျွန်တော်တို့က အခုလုပ်ငန်းရတယ်။ အခုစလုပ်လို့ရတယ်။ တကယ်လို့ စလုပ်မယ်ဆိုရင် ကျွန်တော်တို့ နေ့မှာလည်းလုပ်လို့ရတယ်။ ညမှာလည်းလုပ်လို့ရတယ်။ ကျွန်တော်တို့ ဒေသတွေမှာတော့ဒီလိုမဟုတ်ပါဘူး။ အကန့်အသတ်တွေရှိပါတယ်။ အကန့်အသတ်တွေရှိတယ်ဆိုတာ အခုတော့ ကျွန်တော်တို့ တင်ဒါတွေအောင်ပြီ၊ ကျွန်တော်တို့ တင်ဒါတွေကျပြီ။ ကျွန်တော်တို့လုပ်ငန်း စလုပ်လို့ မရပါဘူး။ အခု တင်ဒါက ခုမှ စချရမှာဖြစ်တယ်။ အခုစချမယ်ဆိုရင် အခုစရပြီပဲ ထားပါ။ ကျွန်တော်တို့ ဒေသမှာအခုအချိန်မှာ မိုးရွာတယ်။ လမ်းဖောက်မယ်ဆိုရင် ဘယ်လိုမှဖောက်လို့မရတော့ဘူး။ ကားသွား မယ်ဆိုရင် ဘယ်လိုမှသွားလို့ မရတော့ဘူး။ အခက်အခဲအရ ကျွန်တော်တို့ဆီမှာ တစ်နှစ်မှာ မိုးက (၇) လလောက် ရွာတယ်။ အလုပ်လုပ်ချိန်က ပွင့်လင်းရာသီက (၅)လလောက်ပဲ ရှိတယ်။ ဒီ (၅)လမှာ ကျွန်တော်တို့ကအားထည့်ပြီး လုပ်ရတာဖြစ်တယ်။ ဒီမိုးတွင်းမှာ ကျွန်တော်တို့ဘာတွေ လုပ်နိုင်သလဲဆိုရင် လုပ်ငန်းခွင်အတွက်လိုတဲ့ စက်ယန္တရားတွေစုဆောင်းထားမယ်၊ အဲဒီစက်ယန္တရားတွေကို ပြင်ဆင်ထားမယ်။ ပြီးရင် ကျောက်ထုတ်လို့ရရင် ကျောက်ထုတ်မယ်။ ဒါမျိုးအလုပ်တွေပဲ လုပ်လို့ရပါတယ်။ ကျောက်ခင်းတာတို့ လမ်းဖောက်တာတွေကိုတော့ လုံးဝလုပ်လို့ မရဘူးဆိုတာကို ကျွန်တော်တို့ တင်ပြလိုပါတယ်။

ဥပမာပေါ့၊ လွှတ်တော်ကိုယ်စားလှယ် ထဲမှာပဲရှိပါတယ်။ ကျွန်တော်တို့ဒီက ဗိုလ်မှူး တစ်ယောက်ပါ ကျွန်တော်တို့ဒေသမှာလာပြီးတော့မှ လုပ်ငန်းလုပ်ဖူးပါတယ်။ သူတို့ဆိုရင်ကျွန်တော်တို့ ဒေသရဲ့အခက်အခဲတွေ အကုန်လုံးသိပါတယ်။ ဘာလို့သိသလဲဆိုရင် သူကိုယ်တိုင်အဲဒီမှာ အဆောက်အအုံ ဆောက်တဲ့အတွက် ဘယ်လောက်အထိ ခက်ခဲတယ်ဆိုတာကို အဲဒီ ဗိုလ်မှူးသိပါတယ်။ ဗိုလ်မှူး အောင်ကျော်ဇော ပါ။ ကျွန်တော်တို့ဆီက ဒုံဟီးမြို့နယ်ခွဲ အဆောက်အအုံတွေကို ကန်ထရိုက်ယူပြီးတော့မှ ဆောက်တာပါ သူတို့လည်း (၃)နှစ်လောက် ဆောက်ရပါတယ်။ သူတို့ဆောက်တဲ့အချိန်မှာ အဆောက်အအုံအတွက် ငွေကျပါတယ်။ ဒါပေမဲ့ သူတို့လုပ်ရတာ ဘာတွေလဲဆိုရင် သူတို့ တချို့နေရာတွေမှာ အဲဒီ ဒုံဟီးမြို့နယ်ခွဲအထိ လမ်းမပေါက်သေးတဲ့အတွက် အဲဒီမြို့နယ်ခွဲမှာကျန်တဲ့ (၁၀)မိုင်လောက်ကျန်တဲ့လမ်းကို သူတို့ရဲ့စက်ယန္တရားတွေ သုံးပြီးတော့မှ ကူပြီးဖောက်ပြီးတော့မှ ဒီလိုလုပ်ရတာပါ။ ကျွန်တော်တို့ ဒေသရဲ့အခက်အခဲ ဒီလိုမျိုးတွေရှိနေ တယ်ဆိုတာကို တင်ပြလိုပါတယ်။

နောက်အစီရင်ခံစာမှာ ကျွန်တော်တို့တွေ့ပါတယ်။ ပြီးစီးမှုရာခိုင်နှုန်းတွေကို တွေ့ပါတယ်။ ဒါတွေကတော့ အင်မတန်ကောင်းပါတယ်။ ကျွန်တော်တို့ ဒီကော်မတီရဲ့ အားထုတ်မှုလို့လည်း ပြောလို့ရပါတယ်။ ဒါကိုလည်း ရှေ့ကိုလည်း ဆက်ပြီးတော့ ဆောင်ရွက်သွားပါလို့ ပြောချင်ပါတယ်။ နောက်ပြီး အရည်အသွေး စံချိန်စံနှုန်းပေါ့၊ မညီမျှမှုတွေကိုလည်း ဘယ်လိုဆောင်ရွက်သွားမလဲ ဆိုတာကို လေ့လာဖို့ လိုပါမယ်။ ဥပမာ န.တ.လ ကချပေးတာ (၁)မိုင်ကို သိန်း(၆၀)၊ ကျေးလက်က ချပေးတာ သိန်း(၁၂၀) မြေသားလမ်းကို ဒီလိုကွာခြားမှုတွေ ရှိပါတယ်။ ပြီးတော့ ဆောက်လုပ်ရေးက ချပေးတာ သိန်း(၂၀၀) လောက်ရှိတယ်။ ဒီကွာခြားမှုတွေကလည်း ကျွန်တော်တို့ ညှိယူမှုရမယ်။ ဖောက်ရတဲ့လမ်းကတော့ (၁)မိုင်ချင်းတူတယ် ပေးတဲ့ငွေကျတော့ ကွာခြားမှုတွေရှိတယ်။ ဒီအနေအထားလေးကိုတော့ ကျွန်တော် တို့ ပြန်လည်သုံးသပ်ဖို့လိုပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ ဒီစံပြအိမ်ရာတွေ။ ဒီစံပြအိမ်ရာတွေ၊ ယင်လုံအိမ်သာတွေ ဒီဟာတွေကိုလည်း ကျွန်တော်တို့ပြန်စိစစ်ဖို့လိုပါတယ်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် အချို့တွေက မလုပ်ဖို့ပြောတယ်။ ကျွန်တော်တို့ကတော့ လုပ်စေချင်တယ်၊ လုပ်စေချင်တယ်ဆိုတာ ကျွန်တော်တို့ဒေသမှာ ဒီစံပြအိမ်ရာပေါ့။ စံပြအိမ်ရာတွေထားပေးမယ် လုပ်ပေးမယ်ဆိုရင် ကျွန်တော်တို့ ဒေသအတွက်ကောင်းတယ်။ ဘာလို့ကောင်းသလဲဆိုရင် ကျွန်တော်တို့ဆီမှာ ခုလက်ရှိ ဆရာ/ဆရာမ တွေနေအိမ်တွေကို ရွာကနေပဲ လုပ်အားနဲ့စိုက်ပြီးတော့မှ ဝါးကြမ်းခင်းလေးနဲ့ပဲ ထရံကာလေးနဲ့ပဲ ဒီလို လုပ်ရပါတယ်။ ကျွန်တော်တို့ဒေသမှာ မိုးလည်းများတယ်။ အေးလည်း အရမ်းအေးတယ်။ ဆရာ/ဆရာမတွေဆိုတာ အောက်ပြည်အောက်ရွာကနေ လာရတာဖြစ်တယ်။ လုံခြုံမှု မရှိဘူးလို့ ကျွန်တော်တွေ့ရတယ်။ ဒီအိမ်ရာကိုတော့ ဆက်လက်ဆောင်ရွက်သင့်တယ်လို့ မြင်ပါတယ်။ နေရာတိုင်းမှာတော့ မဆိုလိုဘူး။ လိုအပ်တဲ့နေရာတွေမှာ လုပ်ပေးနိုင်ရင် ကောင်းပါတယ်လို့ မြင်ပါတယ်။ ဒါကလည်း ဘာဖြစ်လို့ ဒီလိုပြောသလဲဆိုရင် ကျွန်တော် ဒီခရီးစဥ်မှာ လျှောက်ပတ်တဲ့ အချိန်မှာ ရွာတစ်ရွာက တင်ပြပါတယ်။ ဆရာ/ဆရာမတွေ သူတို့အိမ်ကို ကျွန်တော်တို့ ရွာသားလေး (၂)ယောက်က လာတယ်။ သူတို့မှာ ကလန့်ထိုးစရာလည်း မရှိဘူး။ အိမ်ဆိုတာ ကျွန်တော်တို့ဆီမှာ ကြိမ်နဲ့ကွင်းနဲ့လှည့်ပြီးတော့မှ ဝါးတုတ်နဲ့ ကလန့်ရတဲ့ အနေအထားမျိုးပဲ ရှိပါတယ်။ လုံခြုံမှု မရှိဘူးလို့ ကျွန်တော်တို့ ပြောလို့ရပါတယ်။

နောက်ပြီးတော့မှ ဒီလိုဖြစ်တဲ့ အကြောင်းအရင်းကိုလည်း ရွာကိုသေသေချာချာ ရှင်းပြတယ်။ ရွာကိုစာလာသင်တဲ့ ဆရာ/ဆရာမတွေကို အနှောင့်အယှက်မပေးပါနဲ့ ကူညီပေးပါ စောင့်ရှောက်ပေးပါ။ အနှောင့်အယှက်ပေးတယ်ဆိုရင် ခင်ဗျားတို့ရွာမှာ ဆရာ/ဆရာမမထားဘူးလို့ ဒီလိုတော့ ကျွန်တော်ပြောခဲ့ပါတယ် ညှိနှိုင်းပေးခဲ့ပါတယ်။ ကျွန်တော်ဆိုလိုချင်တာကတော့ တချို့ရွာတွေမှာ ဒီစံပြအိမ်ရာ ယင်လုံအိမ်သာတွေ အမှန်တကယ် လိုအပ်တယ်ဆိုတာကို ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။ နောက်ပြီး အသက်မွေးဝမ်းကျောင်းနဲ့ ပတ်သက်တဲ့ ခေါင်းစဥ်အသီးသီး သုံးစွဲတဲ့ဟာတွေကတော့ ထိထိရောက်ရောက်ရှိလား၊ မရှိလား။ ဒေသမှာ အမှန်တကယ်လုပ်လား၊ မလုပ်လားဆိုတာကတော့ ပြန်လည်သုံးသပ်ဖို့လိုအပ်မှာ ဖြစ်ပါတယ်။ ဒီမှာကျွန်တော်တို့ ချို့ယွင်းချက် အားနည်းချက်တွေ ရှိပါတယ်။ ဒါတွေကို ကျွန်တော်တို့ကအပြုသဘောနဲ့ပဲ ဆွေးနွေးသွားမှာဖြစ်တယ်။ နောက်ပြီးတော့မှ အခု စစ်ဆေးတာတွေက ကျွန်တော်တို့စာရွက်ပေါ်မှာ စစ်ဆေးတာမျိုးမဟုတ်ဘဲနဲ့ မြေပြင်မှာပေါ့၊ မျက်မြင်သွားရောက်စစ်ဆေးတာကို ပိုပြီးတော့မှ ထိရောက်ပါတယ်လို့ ကျွန်တော်အကြံပြုလိုပါတယ်။

နောက်ဆုံးအချက် ကျွန်တော်အကြံပြုလိုတာကတော့ ဆွေးနွေးလိုတာကတော့ ကျွန်တော်တို့ ဒီလမ်းလုပ်ငန်းပဲဖြစ်ဖြစ်၊ အဆောက်အဦလုပ်ငန်းပဲဖြစ်ဖြစ်၊ တံတားလုပ်ငန်းပဲဖြစ်ဖြစ်၊ ပြည်သူတွေ အကျိုးအတွက် စနစ်တကျလုပ်တဲ့အတွက် ရေရှည်အသုံးပြုမှာ ဖြစ်တဲ့အတွက် ကျွန်တော်တို့က စီမံကိန်းကို သေသေချာချာချမှတ်ပြီးရင် အကောင်အထည်ဖော်မယ့် ကုမ္ပဏီဆိုရင်လည်း အမြဲတမ်း ဒီလမ်းကို လုပ်မယ်ဆိုရင် ကုမ္ပဏီတွေကိုလည်း ပုဂ္ဂလိကကုမ္ပဏီ မဟုတ်ဘဲနဲ့ အများပိုင်ကုမ္ပဏီတွေ ပူးပေါင်းပြီး အများပိုင်ယူပြီးတော့မှ ဒီလိုလုပ်ငန်းခွဲပြီးလုပ်ရင် ပိုပြီးအဆင်ပြေပါတယ်လို့ ပိုပြီး စနစ်ကျမယ်လို့ ကျွန်တော်မြင်ပါတယ်။ နောက်တစ်ချက်ကတော့ နယ်စပ်ကုန်သွယ်ရေး လမ်းတွေရှိပါတယ်။ ဒီလမ်းတွေကိုတော့ နယ်စပ်ကုန်သွယ်ရေးလမ်းဖြစ်တဲ့အတွက် ရေရှည်လည်း အသုံးပြုမှာဖြစ်တယ်၊ နိုင်ငံတကာနဲ့လည်း ဆက်သွယ်ပြီး ကုန်ရောင်း ကုန်ဝယ်လုပ်မှာ ဖြစ်တဲ့အတွက် ဒီလမ်းတွေကိုတော့ အာဆီယံစံနှုန်းနှင့်အညီ လုပ်သင့်ပါတယ်လို့ ကျွန်တော် အကြံပြုလိုပါတယ်။ နောက်တစ်ချက်ကတော့ မပြီးတဲ့ လုပ်ငန်းတွေကို ကြည့်လိုက်တဲ့အချိန်မှာ ကျွန်တော်တို့ နာဂဒေသက အများဆုံးဖြစ်ပါတယ်။ ဒီလိုအများဆုံးဖြစ်နေတာ ဘာလို့လည်းဆိုရင် ဒီဒေသရဲ့ ခက်ခဲမှုက အင်မတန်ကြီးမားတယ်ဆိုတာကို ထည့်ပြီးတော့မှ၊ စဉ်းစားပြီးတော့မှ၊ သီးခြားစဉ်းစားပြီးတော့မှ ဆောင်ရွက်ပေးသင့်ပါတယ်လို့ ပြောကြား ရင်း ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ**။ ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၄။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီရဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနနဲ့ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့ရဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေနှင့် ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းများအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာနဲ့ ပတ်သက်လို့ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ အကျိုးစီးပွားအလို့ငှာ အကြံပြုထောက်ခံ ဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အစီရင်ခံစာပါ သုံးသပ်ချက် အပိုင်းနဲ့ တိုက်တွန်းချက်များအပိုင်းနဲ့ ပတ်သက်လို့ အဓိကထား ခြုံငုံဆွေးနွေး အကြံပြုသွားမှာ ဖြစ်ပါတယ်။

ယနေ့ နိုင်ငံတော်အစိုးရသစ် လက်ထက်မှာ ဝေးလံသီခေါင်တဲ့ နယ်စပ်တွေ၊ ကျေးလက် ဒေသတွေနဲ့ မြို့ပြပါမကျန် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဘက်ပေါင်းစုံမှ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ပေးနေပါတယ်။ ဒီလိုဆောင်ရွက်ပေးတဲ့အတွက် နယ်စပ်ဒေသနဲ့ ကျေးလက်ဒေသ များအားလုံး ဝမ်းသာကြိုဆိုကြပါတယ်။ ပြည်သူများရဲ့ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေး၊ ကျေးလက်ဒေသမီးလင်းရေး စသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း ဆောင်ရွက်ပေးနေတာလည်း တွေ့ရပါတယ်။ ယခင်က နိုင်ငံတော်ရဲ့ တည်ဆောက်ရေး ပြုပြင် ထိန်းသိမ်းရေး လုပ်ငန်းတွေကို ဝန်ကြီးဌာနများက တာဝန်ယူဆောင်ရွက်ခဲ့ကြပေမယ့် ယခုအချိန်အခါ

မှာတော့နိုင်ငံတော်က အကောင်အထည်ဖော်တဲ့လုပ်ငန်းပမာဏ ကြီးမားတဲ့လုပ်ငန်းတွေကို သက်ဆိုင်ရာဝန်ကြီးဌာနတွေက အိတ်ဖွင့်တင်ဒါတွေခေါ်ယူကာ တင်ဒါအောင်မြင်တဲ့ ကုမ္ပဏီတွေ၊ ကန်ထရိုက်တွေနဲ့ လုပ်ငန်းရှင်တွေနဲ့ ဆောင်ရွက်စေခဲ့တာ တွေ့ရှိရပါတယ်။ အခုလို ဆောင်ရွက်တဲ့နေရာမှာ ကောင်းတာတွေ ရှိသလို၊ မကောင်းတာတွေလည်း တွေ့ရမှာ ဖြစ်ပါတယ်။ လုပ်ငန်းတင်ဒါ အောင်မြင်တဲ့ ကုမ္ပဏီတွေ၊ ကန်ထရိုက်တာတွေ၊ လုပ်ငန်းရှင်အချို့တို့ရဲ့ ကိုယ်ကျိုးစီးပွားကို ရှေ့ရှုဆောင်ရွက်မှု၊ တာဝန်မဲ့မှု၊ စေတနာနည်းပါးမှု၊ သက်ဆိုင်ရာဌာနများရဲ့ တာဝန်ရှိသူအချို့တို့ရဲ့ တာဝန်မဲ့မှု၊ အကျင့်ပျက်ခြစားမှုတွေကြောင့် နိုင်ငံတော်ရဲ့ဘဏ္ဍာငွေများ များစွာဆုံးရှုံးလေလွင့်လျက် ရှိနေပါတယ်။ သက်ဆိုင်ရာဌာနများက တာဝန်ရှိသူအချို့တို့ဟာ ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ ကန်ထရိုက်တာ များရဲ့ လုပ်ငန်းဆောင်ရွက်မှု အခြေအနေတွေကို တည်ဆောက်ဆဲ၊ ဆောင်ရွက်ဆဲ အခြေအနေ၊ တည်ဆောက်နေမှု၊ ဆောင်ရွက်နေမှု အခြေအနေ၊ တည်ဆောက်ပြီးလုပ်ငန်းများရဲ့ စံချိန်စံညွှန်း၊ အရည်အချင်း သတ်မှတ်ချက်များနဲ့ ပြည့်ဝကိုက်ညီမှုရှိ/မရှိ စနစ်တကျစစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ စောင့်ကြည့်ခြင်း၊ တိုင်းတာခြင်း မပြုလုပ်ကြတာ တွေ့ရပါတယ်။ ဒါကလည်း အကြောင်းအမျိုးမျိုးကြောင့် မျက်ကွယ်ပြုနေကြကြောင်းလည်း ကြားသိရပါတယ်။

ဒါ့အပြင် အချို့သော တင်ဒါအောင် ကုမ္ပဏီတွေ လုပ်ငန်းရှင်တွေဟာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ရာထူး အာဏာ ပါဝါရှိသူများနဲ့ ဆက်စပ်ပတ်သက်မှု ရှိနေတဲ့အတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေနဲ့ စစ်ဆေးကြပ်မတ်ရန် အခက်အခဲရှိတာကိုလည်း ကြားသိတွေ့ရှိနေရပါတယ်။ တင်ဒါအောင်မြင်တဲ့ကုမ္ပဏီများ၊ ကန်ထရိုက်တာများ၊ လုပ်ငန်းရှင်များရဲ့ တာဝန်မဲ့မှု၊ စေတနာ နည်းပါးမှု၊ ကိုယ်ကျိုးစီးပွားကိုသာ ရှေ့ရှုဆောင်ရွက်မှုနဲ့ အကျင့်ပျက်ခြစားမှု များကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေဟာ အောင်မြင်သင့်သလောက် အောင်မြင်မှုမရရှိတာ တွေ့ရှိရမှာဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ တာဝန်ရှိသူများက မိမိနိုင်ငံပြည်သူလူထုအကျိုးအတွက် ဆောင်ရွက်ပေးနေပေမယ့် ပြည်သူတွေဟာ အကျိုးကျေးဇူး အပြည့်အဝ မခံစားရတာ တွေ့ရပါတယ်။ ဒါတွေဟာ ယနေ့အချိန်အခါမှာ အသိစိတ်ဓာတ်ရှိရှိနဲ့ အားလုံးပြုပြင်သင့်နေပြီ ဖြစ်ပါတယ်။ ကုမ္ပဏီတွေ ကန်ထရိုက်ရရှိသူတွေဟာ လုပ်ငန်းများ ဆောင်ရွက်ခွင့် လုပ်ကိုင်ခွင့် ရရှိတဲ့အခါမှာ စံချိန်စံညွှန်းမီ မလုပ်ကြ၊ မဆောင်ရွက်ကြတာတွေ၊ ဆောင်ရွက်ဆဲကာလအတွင်းမှာလည်း တာဝန်ရှိသူများက စစ်ဆေးကြပ်မတ်မှု မပြုလုပ်ကြတာတွေ၊ ကြီးကြပ်မယ့်သူ မရှိကြတာတွေစတဲ့ အချက်တွေ အားနည်းချက်တွေ တွေ့ရှိနေရပါတယ်။ ကိုယ်ကျိုးစီးပွားကို ရှေ့တန်းတင် အကျိုးအမြတ်များများ ကျန်ရှိရေးကိုပဲ ဦးတည်ဆောင်ရွက်နေကြတာတွေသာ တွေ့ရပါတယ်။

တာဝန်သိသူ ပြည်သူများက တာဝန်ရှိသူ အဆင့်ဆင့်ကို တိုင်ကြား တင်ပြလာကြမှသာ ပြန်လည်စစ်ဆေးကြ၊ ပြန်လည်အစားထိုးပြုပြင်ကြ လုပ်နေကြတာတွေ တွေ့ရပါတယ်။ ဒါတွေဟာ မဖြစ်သင့်တဲ့ကိစ္စရပ်တွေ ဖြစ်ပါတယ်။ ဒါ့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လမ်းတွေဖောက် တံတားတွေ ဆောက်လုပ်ကြတဲ့အခါမှာ သတ်မှတ်စံချိန်စံညွှန်း အချိုးအစားအတိုင်း ဆောင်ရွက်ကြဖို့ အရေးကြီးပါတယ်။ ဒီလိုမှမဟုတ်ဘဲ ကုန်ကျစရိတ် နည်းသထက်နည်းအောင် အကျိုးအမြတ် ကျန်သထက် ကျန်အောင် ပိုကျန်အောင် လုပ်နေကိုင်နေကြရင် ပြည်သူတွေအတွက် နိုင်ငံတော်ဘဏ္ဍာငွေမှ ကျခံ သုံးစွဲပေးပေမယ့် ပြည်သူတွေ အပြည့်အဝ အကျိုး မခံစားရပါဘူး။ လုပ်ငန်းဆောင်ရွက်ခွင့်ရတဲ့ ကုမ္ပဏီအနေနဲ့ မိမိတို့အတွက် အကျိုးအမြတ် ပိုမိုရရှိအောင် လုပ်ငန်းအပေါ်၊ ပစ္စည်းအပေါ်မှ

ထပ်မံခိုပြီးတော့မှ လုပ်ဆောင်နေကြပါတယ်။ စံချိန်စံညွှန်းမီအောင် အပြည့်အဝမလုပ်ချင်ကြတာတွေလည်း တွေ့ရပါတယ်။ သက်ဆိုင်ရာတာဝန်ရှိသူများကို အကြောင်းအမျိုးမျိုးနဲ့ချဉ်းကပ်ပြီး ဖြစ်ကတတ်ဆန်း ပြီးစလွယ် လုပ်နေကြပါတယ်။ သက်ဆိုင်ရာတာဝန်ရှိသူကလည်း အကြောင်းအမျိုးမျိုး ထောက်ရှုပြီးတော့ စံချိန်စံညွှန်း ကိုက်ညီမှု ရှိ/မရှိ၊ အရည်အချင်းသတ်မှတ်ချက် ပြည့်ဝမှု ရှိ/မရှိ မစစ်ဆေးကြတော့ဘဲ မသိကျိုးကျွန်ပြုနေကြပါတယ်။ နိုင်ငံတော်အနေနဲ့ ရည်ရွယ်ချက်ကောင်းတွေနဲ့ ဆောင်ရွက်ပေးနေပေမယ့် ပေးနေတဲ့ လုပ်ငန်းတွေဟာ ပြည်သူများ အပြည့်အဝ မခံစားရပါဘူး။ နိုင်ငံတော်ရဲ့ ကောင်းမွန်တဲ့ စေတနာနဲ့ ရည်ရွယ်ချက်ကို ဖျက်ဆီးတာနဲ့လည်း အလားသဏ္ဌာန်တူနေပါတယ်။

ဒါကြောင့် သက်ဆိုင်ရာ တာဝန်ရှိသူများ အနေနဲ့ နိုင်ငံတော်ရဲ့ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှု မဖြစ်အောင် လုပ်ငန်းကြီးကြပ်မှုကော်မတီများကို ဖွဲ့စည်းပြီး စနစ်တကျ စီမံခန့်ခွဲစစ်ဆေးကြပ်မတ်သင့်ပါတယ်။ သက်ဆိုင်ရာမြို့နယ်နဲ့ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီများ၊ ပြည်သူများအနေနဲ့ကလည်း မိမိဒေသအတွင်း လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေကို စံချိန်စံညွှန်းနဲ့အညီ စနစ်တကျဆောင်ရွက်ခြင်း ရှိ/မရှိ စောင့်ကြည့်ထိန်းသိမ်းသင့်ပါတယ်။ အလားတူလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ငွေကြေးသုံးစွဲမှု အခြေအနေများကို တာဝန်ယူစစ်ဆေးနေကြတဲ့ တိုင်းဒေသကြီး ပြည်နယ်/ခရိုင်၊ မြို့နယ်အဆင့်ဆင့်သော တာဝန်ရှိ စာရင်းစစ်အဖွဲ့များ အနေနဲ့ကလည်း စာရွက်ပေါ်မှာသာ ငွေစာရင်းစစ်ဆေးတာမျိုး မဟုတ်ဘဲ အမှန်တကယ်ရာနှုန်းပြည့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု ရှိ/ မရှိ ၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ခြင်း ဟုတ်/မဟုတ် တိတိကျကျ မှန်မှန်ကန်ကန် စစ်ဆေးဆောင်ရွက်ဖို့ လိုပါမယ်။ စစ်ဆေးတွေ့ရှိချက်များကို တာဝန်ရှိသူ အဆင့်ဆင့်သို့ မကွယ်မဝှက်မထိန်မချန်ဘဲ အမှန်အတိုင်း တင်ပြသွားသင့်ကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။ ကျွန်တော်တို့ကိုယ်တိုင် စာရင်းစစ်ခံခဲ့ရဖူးလို့ စာရင်းစစ်များရဲ့ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကိုလည်း သိရှိသင့်သလောက် သိရှိနားလည်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူလူထုအကျိုးစီးပွားအတွက် ဒေသလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ တကယ့်မြေပြင် အောက်ခြေနယ်မြေ အသီးသီးမှာ အမှန်တကယ်ဖြစ်နေကြတွေကတော့ ဘတ်ဂျက်ငွေကြေးကို ဘဏ္ဍာနှစ်အတွင်းအချိန်မီ သုံးစွဲနိုင်ရန် စီမံချက်ချပြီး သုံးစွဲရန်လိုအပ်ပါတယ်။ ဘဏ္ဍာနှစ် ကုန်ကာနီးမှ တင်ဒါခေါ် လုပ်ငန်းများ ဆောင်ရွက်ခြင်းမျိုးကို ရှောင်ရှားရန် လိုအပ်ပါတယ်။ တင်ဒါခေါ်ယူတဲ့အခါ အချိန်မီခေါ်ယူရန် လိုအပ်ပြီးတော့ ငွေကြေးတောင့်တင်းခိုင်မာတဲ့ စက်ယန္တရားပစ္စည်း အပြည့်အစုံနဲ့ ကျွမ်းကျင်ဝန်ထမ်း အင်ဂျင်နီယာများဖြင့် ဖွဲ့စည်းထားတဲ့ ကုမ္ပဏီများကိုသာ ဦးစားပေး စိစစ်ရွေးချယ် တာဝန်ပေးအပ်သင့်ပါတယ်။ နီးစပ်ရာလုပ်ပိုင်ခွင့် မပေးသင့်ပါဘူး။ သတ်မှတ်အရည်အချင်းများနဲ့ ပြည့်စုံပါက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အတွင်းရှိ ကုမ္ပဏီများကို ဦးစားပေး တာဝန်ပေးစေခိုင်းသင့်ပါတယ်။ ဒီလိုတင်ပြတဲ့ အကြောင်းရင်းကတော့ မိမိတို့ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှာရှိတဲ့ ကုမ္ပဏီများ အနေနဲ့ ဒေသခံများဖြစ်လို့ စေတနာ ပိုထားပါတယ်။ ပြဿနာတစ်စုံတစ်ရာ ရှိရင်လည်း အမြန်ဆုံးဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ ဖြစ်ကတတ်ဆန်း ပြီးစလွယ် လုပ်ရဲ မှာလည်း မဟုတ်ပါဘူး။ ဒါ့အပြင် တင်ဒါအောင်မြင်တဲ့ လုပ်ငန်းလုပ်ကိုင်မယ့် ကုမ္ပဏီများကို သက်ဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်းများနဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနအောက်ရှိ မြို့နယ်များက မသိရှိခြင်းပဲ ဖြစ်ပါတယ်။

တိုင်းဒေသကြီး ပြည်နယ်များကလည်း အောက်ခြေအဆင့်ထိ သိရှိအောင် ညွှန်ကြားပေးဖို့ လိုအပ်ပါတယ်။ အသိပေးရန် လိုအပ်ပါမယ်။ လက်တွေ့ အောက်ခြေမှာ တင်ဒါအောင်မြင်တဲ့ ကုမ္ပဏီတွေဟာ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ပိုင်ရင် အဆင်ပြေရင် အောက် ခြေကို မဆက်ဆံ၊ သတင်းမပို့ အသိမပေးတော့ဘဲ လုပ်ချင်သလို လုပ်နေတာ တွေ့ရပါတယ်။ မြို့နယ် တာဝန်ရှိသူ အုပ်ချုပ်ရေးအပိုင်းနဲ့ ဝန်ကြီးဌာနတို့က ဘာမှမသိရတော့တဲ့အတွက် စစ်ဆေးကြပ်မတ်မှု မလုပ်နိုင်ကြတော့ပါဘူး။ အထက်က ညွှန်ကြားချက် မရရှိရင် ဘာမှမလုပ်နိုင်ကြတော့ပါဘူး။ ဗဟိုချုပ်ကိုင်မှု ယခုကဲ့သို့တွေ့ရခြင်း ဖြစ်ပါတယ်။ ပွင့်လင်းမြင်သာမှု မရှိတာတွေ့ရပါတယ်။ လုပ်ငန်း ဆောင်ရွက်ခွင့်ရတဲ့ ကုမ္ပဏီ၊ ကန်ထရိုက်တာများအနေနဲ့ မိမိတို့ဆောင်ရွက်မယ့် လုပ်ငန်းများရဲ့ စံချိန် စံညွှန်းများကို ပြည်သူလူထု သိရှိအောင် လုပ်ငန်းခွင်တွေမှာ အမှန်တကယ် လုပ်မယ့် ဒီဇိုင်း၊ ပုံစံ၊ ဇယားကားချပ်များ ထားရှိပြီးတော့ ငွေကြေးသုံးစွဲခွင့်ရရှိတဲ့ အခြေအနေကို ပွင့်လင်းမြင်သာစွာ ရှင်းလင်းပြောကြား ပြသထားရန်လိုအပ်ပါမယ်။ ဒါကလည်း ပွင့်လင်းမြင်သာမှု ရှိဖို့ လိုအပ်ပါတယ်။ လုပ်ငန်းဆောင်ရွက်နေစဉ်မှာလည်းပဲ တာဝန်ရှိသူ အုပ်ချုပ်ရေးပိုင်းနဲ့ တာဝန်ရှိ ဝန်ကြီးဌာနပိုင်းတို့က အမြဲမပြတ် ထိတွေ့စစ်ဆေး ကြပ်မတ်ရန် လိုအပ်ပါတယ်။ အချို့နေရာဒေသတွေမှာ လုပ်ငန်းလုပ်ဆောင်ခွင့်ရ ကုမ္ပဏီများထံမှ အချို့သောဝန်ကြီးဌာနများက တစ်ဆင့်ခံ ဆပ်ကန်ထရိုက်ယူလုပ်ဆောင်နေတာမျိုးလည်း တွေ့ရပါတယ်။ ယခုလို ဝန်ကြီးဌာနများက တစ်ဆင့်ခံ ကန်ထရိုက်ယူဆောင်ရွက်မယ့်အစား ဝန်ကြီးဌာနက လုပ်ငန်းကို တာဝန်ယူဆောင်ရွက်ရင် ပြည်သူလူထုအတွက် အကျိုးရှိ/မရှိ ပြန်လည်စဉ်းစားသင့်ပါတယ်။ စစ်ဆေးရမယ့် တာဝန်ရှိ ဝန်ကြီးဌာနက တစ်ဆင့်ခံ ကန်ထရိုက်ယူ လုပ်နေတဲ့အတွက် ဘယ်သူက တာဝန်ယူ စစ်ဆေးကြရမလဲဆိုတဲ့အချက်ကိုလည်း စဉ်းစားစရာ ဖြစ်လာပါတယ်။

တင်ဒါအောင်မြင်တဲ့ ကုမ္ပဏီများအနေနဲ့ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာမှာ စက်ယန္တရားမပြည့်စုံခြင်း၊ ကျွမ်းကျင်တဲ့အင်ဂျင်နီယာ မရှိခြင်း၊ တစ်ဆင့်ခံ ဆပ်ကန်ထရိုက်တွေကလည်း လုပ်သားကောင်း၊ လုပ်သားတွေနဲ့သာ လုပ်ငန်းလုပ်ဆောင်နေကြပြီး ကြီးကြပ်မယ့်သူ၊ ကျွမ်းကျင်သူ အင်ဂျင်နီယာများကို အမှန်တကယ် လုပ်ငန်းဆောင်ရွက်တဲ့နေရာမှာ မတွေ့ရှိရခြင်းများ တွေ့ရှိနေရပါတယ်။ ဒါဟာ အမှန်တကယ် လက်တွေ့ဖြစ်ရပ်တွေပဲ ဖြစ်ပါတယ်။ လုပ်ငန်းဆောင်ရွက်ရာမှာလည်း စံချိန်စံညွှန်းနဲ့အညီ မဆောင်ရွက်ခြင်း၊ ဌာနဆိုင်ရာမှာလည်းပဲ ဆောင်ရွက်နေစဉ်ကာလအတွင်း စစ်ဆေးမှုမရှိခြင်း စတဲ့ အားနည်းခြင်းများလည်း တွေ့ရှိရပါတယ်။

ဘဏ္ဍာရေးနှစ်မကုန်မီ အချိန်မီ ပြီးစီးရေး အမြန်ဆောင်ရွက်ရတဲ့အတွက် စံချိန်စံညွှန်းမီ ဆောင်ရွက်မှု မရှိတာ တွေ့ရပါတယ်။ ဒ့ါအပြင် ဘဏ္ဍာနှစ်ကုန်ဆုံးသော်လည်းပဲ လုပ်ငန်းများ မပြီးစီးဘဲ ဘဏ္ဍာရေးနှစ်ကုန်လွန်ပြီး နှစ်လ၊ သုံးလ အထိ မပြီးတာတွေ တွေ့ရပါတယ်။ ဒါကြောင့် အမြန်ပြီးအောင် လုပ်ရတဲ့အတွက် ဘယ်လိုမှ စံချိန်စံညွှန်းမီ မလုပ်နိုင်တာကို မြေပြင်မှာ လက်တွေ့ကိုယ်တိုင် တွေ့ရပါတယ်။ ယခုတင်ပြချက်တွေဟာ အောက်ခြေမှာ၊ မြေပြင်မှာ အမှန်တကယ် တွေ့ရှိရတဲ့ အားနည်းချက်တွေပဲ ဖြစ်ပါတယ်။ အခုလို ဆွေးနွေးရတာကလည်း နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားပြည်သူလူထုအားလုံးရဲ့ အကျိုးစီးပွားအတွက် ဖြစ်ပါတယ်။ အားနည်းချက်၊ အားသာချက်တွေကို သိရှိပြီးတဲ့အခါကျတော့ အားနည်းချက်တွေကို အားသာချက်ဖြစ်အောင်

ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ အားနည်းချက်များကို မပြုပြင်နိုင်ကြရင်တော့ အဆင့်ဆင့်သော တာဝန်ရှိသူများကို စိစစ်ဖော်ထုတ်ပြီး ထိထိရောက်ရောက် ပြတ်ပြတ်သားသား အရေးယူသင့်ပါတယ်။

လက်ရှိနိုင်ငံတော်အစိုးရရဲ့ အဓိက မူဝါဒဖြစ်တဲ့ ပြည်သူကို ဗဟိုပြု၊ ပြည်သူ့အကျိုးပြုဝါဒ မူဝါဒအတိုင်း အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီလား။ ပြန်လည်သုံးသပ်သင့်ပါတယ်။ ပြည်သူတွေကို အကျိုးဖြစ်ထွန်းစေမယ့် အရေးကိစ္စတွေကို နိုင်ငံတော်က ဆောင်ရွက်ပေးနေတဲ့အချိန်မှာ တာဝန်ယူမှု၊ တာဝန်ခံမှုဟာ အရေးကြီးဆုံးအချက် ဖြစ်ပါတယ်။ သက်ဆိုင်ရာဒေသ တာဝန်ရှိသူများအနေနဲ့ကလည်း ပြည်သူတွေရဲ့ လိုအပ်ချက်တွေက ဘာလဲ။ မိမိတို့အနေနဲ့ ဘာတွေ ပံ့ပိုးဖော်ဆောင်ပေးနိုင်သလဲ။ ပြည်သူတွေရဲ့ လိုအပ်ချက်နဲ့ ပံ့ပိုးဖော်ဆောင်မှုတို့ကို ဟန်ချက်ညီညီ ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ ဒါမှလည်း ပြည်သူတွေအတွက် အကျိုးရှိမှာ။ အကျိုးဖြစ်ထွန်းမှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာတာဝန်ရှိသူများအနေနဲ့လည်း တည်ဆဲဥပဒေများ၊ ဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျမှန်ကန်စွာ ဆောင်ရွက်ရန် လိုအပ်ပါတယ်။ ပြည်သူများရဲ့ လိုအပ်ချက်၊ ဒေသရဲ့လိုအပ်တွေကို ပံ့ပိုးဖြည့်ဆည်းပေးနိုင်တဲ့ တာဝန်ရှိသူတို့ရဲ့ အချိတ်အဆက်မိမိ ဖော်ဆောင်ပေးနိုင်မှသာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ သိသာထင်ရှားစွာ တိုးတက်လာမှာလည်း ဖြစ်ပါတယ်။ အဓိက အထူးသတိပြုရမှာကတော့ အလွဲသုံးစားမပြုဖို့နဲ့ ပွင့်လင်းမြင်သာမှုရှိဖို့က အရေးကြီးပါတယ်။

အခုဆွေးနွေးတဲ့အချက်များဟာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကို မူတည်ပြီး ဆွေးနွေးခြင်းဖြစ်တဲ့အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက်လည်း ထပ်မံသုံးသပ်ရန် လိုအပ်မှာဖြစ်ပါတယ်။ အလားတူ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက်လည်း အလားတူ မဖြစ်စေရေး လက်တွေ့အမှန်တကယ် အထူးကြပ်မတ်စစ်ဆေး ဆောင်ရွက်ကြရန် အကြံပြုအပ်ပါတယ်။ အစိုးရသစ်စတင် ပေါ်ပေါက်လာချိန်က စပြီးတော့ ယနေ့ပစ္စုပ္ပန်ကာလအထိ နိုင်ငံတော်အစိုးရရဲ့ မူလသတ်မှတ်ထားတဲ့ လုပ်ငန်းစဉ်တွေ၊ အစိုးရအဖွဲ့အသီးသီးရဲ့ လုပ်ငန်းစဉ်များနဲ့ ကိုက်ညီရမယ့်အင်္ဂါရပ်တွေနဲ့ ကိုက်ညီမှုရှိ/မရှိ၊ ဆောင်ရွက်နိုင်မှုရှိ/မရှိ အခြေအနေများကို ပြန်လည်သုံးသပ်ပြီးတော့မှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ဘဏ္ဍာရေး စည်းမျဉ်းစည်းများနဲ့အညီ အလေးအနက်ထားပြီး အကြံပြုလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေကြတဲ့ ရည်ရွယ်ချက်များ အောင်မြင်အောင် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော်ရာမှာ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်မယ်ဆိုရင် လုပ်ငန်းများ ဆောင်ရွက်ကြတဲ့နေရာမှာ ပွင့်လင်းမြင်သာမှုရှိကြဖို့၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိကြဖို့၊ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ကြဖို့၊ ပြည်သူလူထုရဲ့ဆန္ဒ၊ သဘောထားတွေကို အလေးထားကြဖို့နဲ့ အားလုံးပါဝင်မှု ရှိဖို့၊ သွက်လက်ပြီး ထိရောက်မှုရှိဖို့ လိုအပ်မည်ဖြစ်ကြောင်း အကြံပြု ထောက်ခံဆွေးနွေး တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော လုပ်ငန်းများအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော လုပ်ငန်းများအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ က အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၇။**

**ဒေါ်ရီရီမြင့် (အတွင်းရေးမှူး၊ ပြည်သူ့ငွေစာရင်းကော်မတီ)။** ။ ရိုသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင် အဖွဲ့ဝင်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံကြပါစေလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မအနေနဲ့ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီရဲ့ နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ကြသော လုပ်ငန်းများအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာပါ သုံးသပ်ချက်၊ တိုက်တွန်းချက်များအား အလေးထား လိုက်နာဆောင်ရွက်သွားရန် ထောက်ပြအကြံပြု ဆွေးနွေးခဲ့ကြသော လွှတ်တော် ကိုယ်စားလှယ်ကြီးများ၏ တင်ပြချက်များအား ပြုပြင်ဆောင်ရွက်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းပါကြောင်းနှင့် ကော်မတီ၏ အစီရင်ခံစာအား လွှတ်တော်မှ အတည်ပြုမှတ်တမ်းတင်ပေးရန် ကော်မတီရဲ့ကိုယ်စား ကျွန်မ ပြည်သူ့ငွေစာရင်းကော်မတီ၊ အတွင်းရေးမှူး၊ ဒေါ်ရီရီမြင့် က အဆိုတင်သွင်းအပ်ပါတယ်ရှင်။

**အချိန်၊ ၁၁း၀၉။**

**ဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူ ပါမယ်။ အမျိုးသား လွှတ်တော် ပြည်သူ့ငွေစာရင်း ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က -

သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့၏

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော လုပ်ငန်းများအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၄၃) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၄၄) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၃)ရက်မြောက် နေ့ကို ၁၁း၁၁ နာရီအချိန်တွင် ရပ်နားပါသည်။]